ဦးပုည

# သာသနာရှောက်

နှင့်

# ဆွမ်းတော်ကြီးစာတမ်း

THATHANASHAUK & SUNDAWGYI - SADAN

by

U PONNYA

ဟံသာဝတီ

၄၀၄

ဦးပုည

စိစစ်ရေးသားအပ်သော

# သာသနာလျှောက်

နှင့်

# ဆွမ်းတော်ကြီးစာတမ်း

THATHANASHAUK & SUNDAWGYI-SADAN

U PONNYA

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၃၉

H 418—1 [ဟံသာဝတီ]

# နိဒါန်း

**သာသနာလျှောက်** စလေ ဆရာကြီး ဦးပုည ဘွဲ့ဆို စီရင်အပ်သော လင်္ကာစကားပြေအရပ်ရပ်တွင် ဤဘဒ္ဒကမ္ဘာ၌ မဟာသမ္မတမင်းမြတ်သည် လောကဓာတ်အလုံး သိမ်းကျုံးနှိပ်နင်း မင်းပြုခြင်းကို အစပြု၍ ကကုသန်စသည့် သုံးဆူသော ဘုရားတို့ ပွင့်တော်မူခြင်း, သက္ကတိုင်း ဒေဝဒဟပြည် မဟာအဉ္ဇန မင်းကြီးသည် သက္ကရာဇ် ၈၆၄၇-ခု ကို ဖြိုခွင်း၍ အကြွင်းနှစ်ခုထားသည့် ၆၈-ခု အကူးတွင် ငါတို့ဂေါတမ ဘုရားလောင်း ကိန်းအောင်းသန္ဓေ တည်နေသည်ကစ၍ ဗုဒ္ဓကိစ္စကို ပြီးပြည့်စုံစေ၍ ပရိနိဗ္ဗာန်ပြုတော်မူခြင်း, ပရိနိဗ္ဗာန် စံတော်မူသည့်နှစ် ကောဇာသက္ကရာဇ် ၁၄၈-ခုကို အဇာတသတ်မင်းနှင့် ရှင်မဟာကဿပမထေရ်မြတ်တို့ သာသနာနှစ်နှင့်သက္ကရာဇ် တချက်တည်းဖြစ်အောင် ဖြိုခွင်းခြင်း,လိုရင်းအချုပ်အားဖြင့် ရွှေပြည်ခမ ဝင်တော်မူသည်မှ အမရပူရ ရွှေနန်း၌ ကုန်ဘောင် သတိုးနေမျိုးရန်နိုင် ဆယ်ကြိမ်မြောက် ဖြစ်တော်မူသော ကျောက်ဇာသည် ဘုန်းတော်သစ်ဖြိုးလျှံ စိုးစံထွန်းတောက် တော်မူသည့်တိုင်အောင် နောက်အတိတ်သာသနာ နှစ်ပေါင်းမည်မျှ, နောင်အနာဂတ် သာသနာကျန်နှစ်ပေါင်းမည်မျှ,ယခု ကောဇာသက္ကရာဇ် မည်သည့်ခု-နှစ်-လ-နေ့ ဖြစ်သည်များကို မှတ်သားကြစေခြင်းငှါ သုံးဖြာသောဝတ် မလွတ်မကျန် ထုံးမှန်နည်းကျ ဘော်ပြလျှောက်ဆိုရာ ဖြစ်သော သာသနာလျှောက် စာတမ်းကိုရင်း။

ဆွမ်းတော်ကြီးတင် ကပ်ဦး မဟာသမ္မတမင်းမှ ခုနစ်ဆက်မြောက် ရောက်သော အခါ စကြာမန္ဓာတ်မင်းကြီးသည် လေးကျွန်းလုံး၌ သုံးဆယ့်ခြောက်ယူဇနာ ဗိုလ်ပါဝန်းရံ မနောခံလျက် ယာဉ်ပျံစီးတော်မူခြင်း,တရံခါသော် သမုဒ္ဒရာရေအဆုံး တိုက်အားလုံး လှည့်ပတ်၍ နတ်ပြည်နှစ်ဘုံသို့ ရှင်ဘုရားမပြောင်းဘဲ စကြာယာဉ်မောင်း၍ မိုးကြောင်းဖွင့်တော်မူရာ သားကြီး ဩရသကို လေးကျွန်းသား ပရိသတ်များနှင့်တကွ နတ်ပြည်မှ ပြန်စေသည်ကာလ တိုင်းသစ်ပြည်သစ်တည်စေ၍—

၁။ ဝိဒေဟတိုင်းသား အရှေ့ကျွန်းသူတို့အား နှင်းဆောင်ပေးအပ် ချထားရာအရပ်ဖြစ်၍ ဝိဒေဟတိုင်း,

၂။ ဥတ္တရတိုင်းသား မြောက်ကျွန်းသူတို့အား နှင်းဆောင်ပေးအပ် ချထားရာအရပ်ဖြစ်၍ကုရုတိုင်း,

၃။ အပရဂေါယာနိတိုင်းသား အနောက်ကျွန်းသူတို့အား နှင်းဆောင်ပေးအပ် ချထားရာ အရပ်ဖြစ်၍ အပရန္တတိုင်း-

ဟု သမိုင်းမော်ကွန်းပေါ်ထွန်းထင်ရှားခြင်း, အပရန္တကိုပင် သုနာပရန္တဟု ဝေါဟာရတသွယ်တင်ပြန်ခြင်း,ထိုအပရန္တ-သုနာပရန္တနှစ်မည်ရတိုင်းကြီးကို မြန်မာ မင်းရိုးတို့ စိုးမိုးရာ မြန်မာပြည်ဟု မှချအမှန်ယူအပ်ခြင်း, ယင်းသည့်များကို စကားအခြေတည်လျက် ပြည်ထောင်အသီးသီး တီးဆောင်းမင်း အဆက်ဆက် ပေါ်မထွက်ခဲ့ဘူးသော ဆွမ်းတော်ကြီးကုသိုလ်သည် ကုန်းဘောင်မင်းရိုး

ရှစ်ဆက်မြောက်ဖြစ်တော်မူသော မင်းတရားကြီး ရွှေလက်ထက်တော်၌သာ မင်းဆက်တကာ မရာမထိုက် မကြိုက်စဘူး ရွှေဘုန်းတော် ထူးသောကြောင့် ကျေးဇူးခိုင်ဖြိုး ဆွမ်းတော်ကြီး ကုသိုလ်ဟု အလိုလို ဖြစ်ပေ၏ သည်ကို ထုတ်ဘော် ပြဆိုရာဖြစ်သော ဆွမ်းတော်ကြီး စာတမ်းကိုရင်း။

ပုံနှိပ်ထုတ်ဝေ

ဤစာတမ်း နှစ်ခုကို ပေမူ, ပုရပိုက်မူ, စာအုပ်မူ အမျိုးမျိုး တို့နှင့် တိုက်ဆိုင်တည်းဖြတ်၍ သုတ်သင်ကာ အောက်၌ မူကွဲများ, ခက်ဆစ်အဓိပ္ပါယ်များကို ဖော်ပြလျက် ကျွန်ုပ်တို့ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်ကြီးက ခေတ်မှီသော အထားအသိုအပိုအလိုမရှိသော ပုဒ်ပါဌ် အဖြတ်အရပ် ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် ပါဠိဆရာကြီး ဦးခင်စိုး[သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာ သုတ်သင် ပြင်ဆင်စေကာ စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

ဟံသာဝတီ

# စလေဦးပုညအမွေပွဲတော်

**စံပြ-စံပြု ဤစာစု**

ဦးပုည ရေးသားခဲ့သော စာပေဟူသမျှသည် မြန်မာ့ စာပေ လောကတွင် ထင်ရှား ကျော်ကြားခဲ့ရုံမျှမက စာမျက်လုံး ကဗျာမျက်လုံးတို့၏ စုရုံးရှုမောရာ စာမကိုင့် ကဗျာမကိုင့်တို့၏ ညွှတ်ရုံးဦးတိုက်ရာလည်း ဖြစ်ခဲ့သဖြင့် စာပေအရသာတို့ကို ရှေ့ဆောင် ဖြန့်ဖြူးသူ,လေ့လာကျင့်သုံးသူအားလုံးတို့၏ အကြွင်းမဲ့ ထောက်ခံနည်းယူ၍ ဦးညွတ်မူရာ စံပြ-စံပြု အမွန်စာစုများသာ ဖြစ်ခဲ့ပေရာ ဤ"သာသနာလျှောက် ဆွမ်းတော်ကြီးစာတမ်း" သည်လည်း စံပြ-စံပြု အမွန်စာစု တခုပင် ဖြစ်ကြောင်း။

**ဘယ်အခါမှ ရိုးမသွား**

အမွန်စာစုများသာဖြစ်သော ဦးပုည၏ စာတို့သည် စာပေလောက၌ လ,နေ အသွင် အလွန်ထင်ရှားလျက် အစဉ်အလိုရှိအပ်ပြီး အမြဲဆန်းသစ်လျက် ရှိသောကြောင့် ဘယ်အခါကမှမရိုးခဲ့၊ကိုယ့်ဂုဏ်ကို ကိုယ်ပြလျက်"ဟန်ကိုယ့်ဘို" စကားအရဖြင့် ထင်ရှားပေါ်လွင် ကိုယ်ရည်သွေးများကိုလည်း ကလောင်ဆင်ခဲ့သည်၊ သူတကာ့အတင်စီးကိုလည်း အပြီးပိုင်ပိုင် အပြတ်အသတ်နိုင်အောင်ပင် ကလောင်ရေးယဉ်ခဲ့သည်၊ လျှပ်တပြက်ပမာဏ ရုတ်ခြင်းကာလတွင်ပင် သဘာဝ အခြေအနေကို ကဗျာ့စာပေသို့ တင်လိုက်ခြင်းဖြင့်လည်း ဇဝနဉာဏ်ပိုင်းကို ကလောင်နှင့် ဝိုင်းပြခဲ့သည်၊ ဂိုဏ်းနှင့် ဆန်းနည်း အသီးသီးကို မငြီးဆိုင်းတွ စဉ်စား၍

မနေရဘဲ ခဏာခြင်းဖြင့်ပင်ရေးသွား၍ လေးစားထိုက်သော ဟာသဉာဏ်တို့ကိုလည်း ဝေဘန် ဖြန့်ဖြူးခဲ့ပေသည်။

ယောကျာ်း, ယောကီ နှစ်လီစွယ်စုံ ဗဟုသုတဂုဏ် တို့ဖြင့်လည်း ထုံမွှမ်း၍ ထားခဲ့လေသည်၊ ချစ်လောက၏ အမြုတေတို့ကိုလည်း တခုတလေမှ မကျန်လောက်အောင် ပင် ကလောင်စွမ်း ကင်းပြခဲ့သည်၊ ကြင်နာမှု, ရဲရင့် ဖျပ်လတ်မှု, အံ့သြဘွယ်မှု,ကြောက်လန့် စိုးရိမ်ဘွယ်မှု အစ ရှိသော ကာမျှော့အရသာ ဓွေအရသာတို့ကို ထူးသော, မြူးသော, ဆန်းသော,ကြမ်းသော, ရမ်းသော,စိုပြေသော, သွဲ့နွဲ့သော, ယဉ်သော, ခန့်သော, နုသော, ညုသော, အောင်သော,ပြောင်သော,မထပ်သော, မရိုးသော စကား လုံးတို့ဖြင့် သုံးနှုံးဖွဲ့နွဲ့ ကလောင်သွားကို သွေးခဲ့လေသည်။

ဤသို့သောသည်ဖြင့် ကောက်နှုတ်ချက်ပေါင်းများစွာ ရနိုင် သော စာပေတို့သာ ဖြစ်ခြင်းကြောင့် မည်သည့်ခေတ်၌မဆို အဆင်ပြေပြေနှင့် သက်ဝင်နိုင်ပေရကား ဘယ်အခါမှ ရိုးမ သွား တိမ်ကော၍ မသွားပေ၊ အစဉ်ဆန်းသစ်လျက် အမြဲ ခေတ်စားလေသည်၊ သို့ကြောင့်ပင် ဤ“သာသနာလျှောက် ဆွမ်းတော်ကြီး စာတမ်း” သည်လည်း အစဉ်ဆန်းသစ် လျက် အမြဲခေတ်စားကာ ဘယ်အခါမှ ရိုးမသွားနိုင်ပေ။

အခါခေါ်ဦးပုည
စလေဦးပုည

ဤသို့လျှင် မရိုးနိုင်သော ဆန်းသစ်စာတို့ကို ရေးသားခဲ့သော ဦးပုညသည် စလေမြို့ တိုက်စုရပ်၌ စလေမြို့ သူကြီးနှစ်မျိုးတွင်

မဟာသခန်းရိုးမဟုတ်၊ ပုညသမန်းရိုးဖြစ်သော အဘ-အကြီးတော် ဦးမြစ်,အမိ-စလေမြို့ သူကြီးသမီးဒေါ်လှရင်[၁] တို့မှ ၁၁၇၄-ခု'ကဆုန်လဆန်း ၁၃-ရက် ၅-တေးနေ့ မွန်းတည့် အချိန်တွင် ဘွားမြင်ခဲ့သည်။

စလေသားဖြစ်၍ စလေဦးပုညဟု ကျော်စောခဲ့သော ဦးပုည၏ ငယ်ဆရာများမှာ စလေမြို့ တူမောင်းဆရာတော် ဦးဒိပနှင့် စလေမြို့မ ခင်ကြီးဇတ္တိုဖြစ်ကြ၍ ကြီးဆရာများမှာ ဗန်းမော်ဆရာတော်,စလေခင်ကြီးသာ,ပုဂံခရှကျောင်းနေ ဒလခင်ကြီးတို့ဖြစ်လေသည်။

ဦးပုညဟူသော အမည်မှာ ရှင်ပြု၍ ရှင်သာမဏေဘဝ ကျမှ ဗန်းမော် ဆရာတော်က "ရှင်ပုည''ဟု ဘွဲ့ပေးရင်း အတိုင်းရဟန်းဘဝ၌လည်း ဦးပုညဟု တွင်ခဲ့ရာမှ မပျောက် ဘဲ ဆက်လက်တွင်နေသော အမည်ဖြစ်လေသည်။

ငယ်မည်မှာကား—သူ၏ မိဘနှစ်ပါးတို့သည် သူနှစ်နှစ် သားအရွယ်တွင် သူ့ကိုပါခေါ်၍ စလေမြို့မှ အမရပူရမြို့ သာယာဝတီမင်း၏ အိမ်တော်သို့ အခစား သွားရောက် သောအခါ စည်တော်ရုံ၌ ခေတ္တမျှကြည့်ရှုနေကြစဉ် နှစ်နှစ် သားအရွယ်မျှ ရှိသေးသောသူသည် စည်တော်ကြီးများကို

---

၁။ အဘ-ဦးနိုးကြီး,အမိ-မမင်းလှ(မှုကွဲ)၊အဘ-ဦးမြတ်ထွား အမိနှမဝမ်းကွဲတော်သူဒေါ်ဆုံ (မှုကွဲ)၊အဘ- ဦးမြတ်ထွား,အမိ ဒေါ်မိန်းကလေးစသည်ဖြင့် မှုကွဲများလည်းရှိသေးသည်။

၂။ ၁၁၆၉၊ ၁၁၇၃၊ ၁၁၇၄၊ ၁၁၇၈- ခုစသည်ဖြင့်လည်း ဘွားသက္ကရာဇ်၌ မှုကွဲများရှိသေးသည်။

ပုတ်ခတ်ကစားသဖြင့် သာယာဝတီမင်း¹ သိတော်မူရကား "စည်ကြီးများကို ပုတ်ခတ်ကစားခြင်းမှာ ဤသူငယ်သည် ကြီးသောအခါ ကဗျာလင်္ကာမှစ၍ ပညာအလုံးစုံ တတ်မြောက်မည့် နိမိတ်ဖြစ်သည်"ဟု နိမိတ်ဖတ်ကာ ရွှေဒေါင်းခွက် ၂-သား,ငွေခြေကျင်း ခေါင်းပွကြီးတရံ တဆယ်သားကို သနားချီးမြှင့် လက်ဘွဲ့တော်ပူရင်း "မောင်ပုတ်စည်" အမည်တွင်စေဟု အမည်ပေးခဲ့သဖြင့် မောင်ပုတ်စည် ဖြစ်လေသည်။

မောင်ပုတ်စည် ၈-နှစ်သားအရွယ်တွင် ဗန်းမော်ဆရာတော်ထံ ရှင်ပြု၍ ရှင်ပုည အမည်ဖြင့် ထင်ရှားလျက် သာမဏေ ဘဝ၌ပင် သုတ်,ဝိနည်း,အဘိဓမ္မာ ကျမ်းကြီးများကိုပင် ပေါက်မြောက်အောင် သင်ကြားလျက် ဗေဒင်, ကဗျာလင်္ကာရေး,တေးလားရေးများကိုလည်း သင်ကြားလေ့လာနေလေသည်။

ထိုစဉ်ကာလကား- သာယာဝတီမင်း၏ နောင်တော် စစ်ကိုင်းမင်း ဘကြီးတော်သည် ၁၁၈၁-ခုတွင် အမရပူရ၌ နန်းတက်ပြီးလျှင် ၁၁၈၃-ခုတွင် အင်းဝမြို့ကို ချဲ့ထွင်ပြုပြင်၍ ၁၁၈၅-ခုတွင် အင်းဝသို့ ပြောင်းရွှေ့စံနေသော အချိန်ဖြစ်၏။

၁၁၉၈-ခု၌ ညီတော် သာယာဝတီမင်းနှင့် မသင့်မြတ်ဖြစ်ကြရာ သာယာဝတီမင်းသည် ရွှေဘိုမှနေ၍ ထီးနန်းကို လုပ်ကြံရာ အောင်မြင်သဖြင့် ရွှေဘိုမင်းအမည်ဖြင့် ၁၁၉၉-ခုတွင် နန်းတက်သောအချိန် တိုင်ခဲ့ပြန်သည်။

---

၁။ ရွှေဘိုမင်း, သရက်မင်း, ကုန်းဘောင်မင်း– ဟူ၍လည်း အမည်တွင်သေးသည်။

ထိုမင်းနှစ်ဆက် အချိန်တွင်း၌ ဦးပုည၏ ဘခင်သည် သာယာဝတီမင်း၏ဘက်တော်သားဖြစ်၍ တိုက်ပွဲမှာကျဆုံး ရရှာသည်၊ မိခင်မှာကား-သားငယ် ရှင်ပုညနှင့်အတူ စလေ သို့ပြန်ရောက်၍ ၅-လလောက်အကြာတွင် အနိစ္စရောက်ရ ရှာသည်။

ရွှေဘိုမင်းသည် လက်ရုံးတပည့် ဖြစ်သော ရှင်ပုည၏ ဘခင်ကို မချီးမြှောက်ရသည့် အတွက် မိကင်း, ဘကွာ သားဖြစ်သူရှင်ပုညအားသာချီးမြှောက်တော့အံ့ဟု ရှင်ပုည ကိုပင့်၍ လူဝတ်လဲသော်၎င်း, သာသနာ၌ နေသော်၎င်း ချီးမြှောက်လိုပါသည်ဟု လျှောက်ထားသော်လည်း သာ သနာ၌ နေလျက်သာ ချီးမြှောက်မှုကို ခံယူခဲ့သည်

နောင် မကြာမြင့်မီပင် ပုခန်းငယ် နှစ်မြို့အုပ်က ရဟန်း ဒါယကာ ပြုလုပ်၍ ရဟန်းခံခဲ့ရာ ရှင်ပုညမှ ဦးပုညဟု တိုးတက်ခဲ့လေသည်၊

၁၂၀၃-ခုတွင် ရန်ကုန်မြို့သို့ စုံအင်းစံနေဆိုက် ဦးပုည၏ ကျောင်းသို့ ဒါယိကာမများ အလာအသွား များခြင်းနှင့် စပ်၍ ဒါယကာမြို့အုပ်မင်းက မကြည်ညိုရောင်ရှိ၍ လူထွက် ကာ ရန်ကုန်သို့လိုက်ခဲ့၍ ဗဟန်းတောရ၌နေ၍ သာမဏေ ပြုလုပ်ကာ ကန်တော်ကြီး ဗဟန်းတောလားများကို ရေး လေသည်၊ သို့သော်လည်း ရန်ကုန်မှာ မကြာလှပေ၊ ပတ်ဝန်း ကျင် ရဟန်း, သီလရှင်တို့နှင့် မသင့်၍ အမရပူရ ဗန်းမော် တိုက်သို့ပင် ပြန်ရောက်နေထိုင်ခဲ့သည်။

ရွှေဘိုမင်း ရန်ကုန်မှ ပြန်ရောက်ပြီးနောက် ၁၂၀၀-ခု တွင်နတ်ရွာစံ၍ သားတော် ပုဂံမင်းသားသည် ၎င်းခုနှစ်

တွင် နန်းတက်လေရာ ထိုစဉ်အခါ၌ လူဝတ် တကြိမ်လဲ၍ သူကြီးရိုးရာကို ပြန်လည်ရရှိရန် တရားတဘောင် စွဲဆောင် အားသစ်ခဲ့သော်လည်း အမှုမပြီးပြတ်မီပင် ထီးကျိုးစည် ပေါက် အခြေ အနေ တမျိုး ရောက်ခဲ့သဖြင့် နေ့ရင်းစွဲ ဗန်းမော်တိုက်၌ပင်သာသနာပြန်ဝတ်ကာနေခဲ့ရပြန်သည်။

၁၂၁၄-ခုတွင် မင်းတုန်းမင်းနှင့် ကနောင်မင်း တို့သည် ရွှေဘိုမှထနေ၍ နောင်တော် ပုဂံမင်းကို လုပ်ကြံ အောင်နိုင် သည်နှင့် မင်းတုန်းမင်း အသွတ်အလိပ်သို့ ရောက်သော အခါ၌ကား လူထွက်ပြန်၍ ဝင်ရောက်ခစားရာတွင်“မင်းလှ သခ်ယာ” ဘွဲ့နှင့် ရွာစည်ရွာကို အသနားတော်မြတ် ခံရ၍ အိမ်ရှေ့စံ ကနောင်မင်းသား ထံ၌လည်း ခစား ဝင်ရောက် နေခါ သဂြိုဟ်၉-ပိုင်း သရုပ်တေးထပ်များကို ကနောင်မင်း သား တောင်းပန်ချက်အရရေး၍ မင်းတရားကြီးအမိန့်ဖြင့် ယိုးဒယားနိုင်ငံ မော်ကွန်းတို့ကို ရေးခဲ့သည့်ပြင် ပဒုမဇာတ်, ဝေဿန္တရာဇာတ်,ဝိဇယဇာတ် စသည်နှင့်ဗေဒင်,အင်္ဂရတ် ဆိုင်ရာ ကျမ်းစာများကိုလည်း ရေးခဲ့လေသည်။

ထိုသို့နေစဉ် တနေ့တွင်ကား—မင်းတုန်း မင်းကြီး၏ သားတော်မြင်ကွန်း မင်းသား, မြင်းခုံတိုင် မင်းသားတို့က ဦးပုညကိုတိတ်တဆိတ်ခေါ်၍ ဗေဒင်မေးကြရာ ကနောင်မင်း သား သိသဖြင့် သတိပေး ခံရသည်တွင် စလေဆရာကြီး ဦးပုညသည် သူ၏အကြောင်းကို ပြန်ပြောင်းပြောပြ၍ မင်း ပြစ်ဘေးဒဏ် ဥပဒ္ဒေဝကမှလွတ်ရန် သာသနာ့ဘောင် သို့ ပြန်ဝင်လိုကြောင်း ခွင့်တောင်းလေတော့သည်။

အိမ်ရှေ့စံ ကနောင်မင်းသားသည် စလေဆရာကြီး ဦးပုညအား ကြင်နာသနား၍ ခွင့်တော်မပေး၊ အေးအေး

သာ အပါးတော်၌နေပါ၊ ရိုးသားဖြောင့်မတ်စွာ နေမှုတို့ကို ထောက်ထား၍မင်းတရားကြီးထံမင်းပြစ်မင်းဒဏ်မှဘေးမဲ့ပေးရန် သံတော်ဦးတင်ပေးပါမည်ဟု မိန့်၍ မင်းတရားကြီးထံသို့လည်း သံတော်ဦးတင်ပေးသဖြင့် ဘေးမဲ့အမိန့်သံကို ကား နာခံခဲ့ရပေပြီ။

သို့ပါသော်လည်း "ကြမ္မာယွင်းယို၊ ပျက်စီးလိုက၊ အဆိုတခြား၊ အနေမှား၏"ဆို၏သို့စလေဦးပုညကား အနေမှားခဲ့ပေပြီ၊ဗန်းမော်ဆရာတော်၏ရဟန်းဘဝ၌ နေရန်စကား, လူ့ဘဝ၌နေက မင်းဒဏ်စိုးပြစ် ဥပဒ္ဒဝကင်းတို့မှ မကင်းတတ်ဟု မိန့်ခဲ့ဘူးသောစကားနှင့် ငယ်စဉ်ကာလ ဦးပုညကို ဘွားကာစ၌ အခိုက်သင့် ကြွရောက်လာသော ဒုတိယကြက်သွန်ခင်း ဆရာတော်နှင့် ၁၁၇၁–ခုမှ တံဆိပ်ရသော မုံရွေးဆရာတော်တို့၏ လောကီ, လောကုတ္တရာ အကျိုး ၂-ပါးပြီးအောင် ရဟန်းဝတ်နှင့် နေစေရာသည်၊ သင်၏သားသည် ပညာရှိဖြစ်၍ လောကီရေးတွင် ကျော်စောမည်ဖြစ်သော်လည်း ဗေဒင်အလိုနိစ်-ပြ-တို့သည် နံဂြိုဟ်ပေါ်၌ စီး၍နေကြသောကြောင့် ဥပဒ္ဒဝဒဏ် မကင်းတတ်ဖြစ်ချေသည်ဟု မိန့်တော်မူခဲ့ကြသောစကား မိဘတို့မှတဆင့်ကြားများကို ဂရုမထားအား တော့ပေ၊ ရှိစေဦးတော့၊ ယခုအချိန်၌ပင် သူကိုယ်တိုင်နားလည်မှု ရှိပြီးဖြစ်လျက် ထိုအကြောင်းများကို သတိမထားတော့ပေ၊ အဆိုတခြား အနေမှား၏သို့ အသိတခြား အဖြစ်မှားခဲ့ပေတော့သည်။

အကြောင်းကား–ဤသို့ မင်းတုန်းမင်း တရားကြီးသည် မန္တလေးတောင်နန်းမြေဘုံသာစံနန်းတော်တွင် စံနေတော်

မူခိုက် မြင်ကွန်းနှင့်မြင်းခုံတိုင်မင်းသားတို့လည်း နန်းတော်၏ တောင်ဘက် မြောင်းမတော်နားတွင် ဝင်းတော်နှင့် နေကြလေသည်။

တနေ့တွင် မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့သည် စလေဆရာကြီးဦးပုညကိုတိတ်တဆိတ်ခေါ်ကာဆရာကြီး… ကျွန်ုပ်တို့ညီနောင်နှစ်ပါးကို မလွန်မြိစား နောင်တော်က ခမည်းတော်ဘုရားနှင့်ဘထွေးတော်ဘုရားတို့အားဂုံးတိုက်၍ ထားပါသည်၊ကျွန်ုပ်တို့အတွက်ရာဇဝတ်အမျက်များမြင်ပါ သလားဟု မေးမြန်းကြပုံရာ သနားကြင်နာ မကောင်းရှာ သော စလေဆရာကြီး ဦးပုညသည် ဗေဒင်အရ ၇-ရက် အတွင်း၌ပင် မင်းပြစ်မင်းဒဏ်နှင့် ထောင်တန်းနှောင်အိမ် များသို့ကျတို့ရာမြင်ကြောင်းဟောလိုက်ရာမှ မင်းသားတို့က ကိုင်းဆရာကြီး…သို့ဖြစ်လျှင်အကြောင်းမထူး၊ ဘေးရောက် ပေတော့မည်၊ “သေလျှင်မြေကြီးမသေလျှင်ရွှေထီး”ဆိုသ ကဲ့သို့ပင် ခမည်းတော်နှင့် ဘထွေးတော်တို့အား လုပ်ကြံပေ တော့မည်၊ အခါသာပေးပါတော့….ဟု တောင်းဆိုသဖြင့် ဓားနှစ်လက်အောက် အသက်ရောက်နေရသောဦးပုညမှာ မလွှဲသာတော့ရကား “ယနေ့နံနက် ၁-ချက်တီးကျော် ၅-မောင်းအချိန်တိတိကစ၍ ၂-ချက်တီးအတွင်းအချိန်သည် သင့်၍ သပြေပန်းများကို ကိုင်ဆောင်ရာသည်”ဟု အခါပေး ၍ အသက်ဘေးမှအေးစေရတော့သည်။

မြင်ကွန်းနှင့်မြင်းခုံတိုင် မင်းသား တို့သည်လည်း ဇော်ဂျီဗိုလ် ငမြူထီးစသောအိမ်တော်သားတို့နှင့်တကွမင်းတရား ကြီးစံနေရာ နန်းမြေဘုံသာ စံနန်းတော်သို့ သွားရောက်၍ နေ့ ၂-ချက်တီးခန့်တွင်(စက်နာရီ ၂-နာရီခန့်တွင်)ပုန်ကန်

ထကြွလုပ်ကြံကြလေတော့ရာ အိမ်ရှေ့စံ ကနောင်မင်းသား, မလွန်မင်းသား,စကုမင်းသား,ပြင်စည်မင်းသားနှင့် မှူးမတ် အချို့တို့ပါ သေကြေပျက်စီးကြလေသည်။

အဆုံး၌မူ သူပုန် မင်းသားများမှာ အရေးနိမ့်ကာ အောက်မြန်မာပြည်သို့ စုံဆင်းပြေးသွားရပေကြောင်း။

ဤအရေးတော်ပုံ၌ သူပုန်ဘက်သားများကို ဖမ်း၍ စစ်ဆေးရာ ဦးပုညက "အခါပေးကြောင်း" ထွက်ဆိုကြ သဖြင့်ဗန်းမော်တိုက်သို့သွား၍ ရှောင်ရှားနေသော ဦးပုည ကို မင်းတရားကြီးကိုယ်တိုင် ခေါ်ယူ စစ်မေးလျက် ရွှေမြို့ တော်ဝန် မြို့သာမြို့စား ဦးသာအိုးထံ၌ အကျယ်ချုပ်နှင့် အပ်ထားလိုက်လေသည်။

မင်းတရားကြီးက အရေးတော် အခိုက်မို့ ထိုက်သည့် အလျောက်သက်ညှာစွာပင်အကျယ်ချုပ်နှင့်အပ်ထားလိုက် သော်လည်း "အရှင့်မားကို တကယ်ကြောက်သော်လည်း မားနှစ်လက်အောက် ရောက်နေဆဲ ဖြစ်သည် တကြောင်း, အရှင်မင်းမြတ်မှာ သာသနာ့ဒါယကာ ဘုန်းသမ္ဘာရှင်ဖြစ် ၍ ရန်သူတို့ မဖျက်ဆီးနိုင်သည်ကို တပ်အပ်သိမှတ်ယုံကြည် သည်ကကြောင်း များအပြင် ဘေးမဲ့ပေးခဲ့သည်ကိုလည်း အားကိုးလျက် ဥပစ္ဆေဒကကံ ကြမ္မာဆိုးမှ ဇွတ်တိုး၍ရှောင် ရှား အခါပေးမိပါသည်ဘုရား"ဟု လျှောက်ထားသော ဦးပုည၏ စကားတို့ကိုလည်းကြားလျက် ကိုယ်တော်တိုင်က လည်း သနားလျက်ဖြစ်ရာ နောင်ကြည်တော် မူသော အခါသူကောင်းပင်ပြန်ပြုမည်ဟု ရည်စူးတော်မူခဲ့သည်။

သို့ပင် ဖြစ်လင့်ကစား-“ကြင်နာသနား၊ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ” ဆိုသော အနန္တသူရိယ အမတ်ကြီး၏ လင်္ကာစကားကဲ့သို့ပင် မင်းတရားကြီးကကြင်နာသနား၍မသတ်ဘဲထားသော်လည်းသူ၏ကြမ္မာဆိုးကား အညှိုးကြီး၏သို့ မြို့ဝန်ဦးသာအိုး၏ လက်ချက် ဥပစ္ဆေဒက ကံစနက်ဖြင့်ပင် သေပွဲဝင်ရရှာတော့သည်။

သို့ဖြင့် အနေမှားခဲ့သော စလေဆရာကြီးဦးပုညမှာ ဤအရေးတော်ပုံကြီး၌ အခါပေးသူဟု ထင်ရှားသွားသောကြောင့်လည်း “အခါပေး ဦးပုည”ဟု လူသိ နတ်ကြား ထင်ရှားခဲ့ပေကြောင်း။

ဟံသာဝတီ

# သာသနာလျှောက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ကကုသန်ဘုရားပွင့်တော်မူခြင်း။

၁။ ဇယတု။ ။ဘဒ္ဒကမ္ဘာ၊ပေါ်ဦးစွာက[1]၊မဟာသမ္မတ၊ ခတ္တိယ ဟု၊ ဂေါတမ အလောင်း၊ မင်းကောင်း မင်းမြတ်၊ လောကဓာတ်ကို၊ ဆုံးဖြတ်ကြည့်ရှု၊ ဖန်ဆင်းပြု၍၊ အာယု အသင်္ချေ၊ တည်နေစိုးစံသည်မှ၊ နောက်ကာလ၌၊ ဗြဟ္မ နွယ်တူ၊ လောကီလူတို့သည်၊ အမူအကျင့်၊ မသင့်မတရား၊ ဖောက်ပြားယွင်းသွေကြခြင်းကြောင့်၊ အသင်္ချေယျအသက် မှ[2]၊လျော့ပျက် နောက်ဆုတ်၊ယုတ်ကာ ယုတ်ကာ[3]၊ဟာယန ခေတ်၊ အစဉ်ဖြစ်၍၊ အနှစ်ငါးသောင်းတမ်းသို့ရောက်လတ် သော်၊ဘဒ္ဒကပ်မည်သာ[4]၊ ဤကမ္ဘာတွင်၊ ပဌမာဒိက[2]၊အမတ

---

မူကွဲ။ ၁-ပေါ်ဦးခါ၌၊ ၂-အသက်မှသည်၊ ၃-ယုတ်ကာ ယုတ်ကာ၊ရှစ်ကြိမ်ကြားအောင်၊ ၄-ဘဒ္ဒမည်သာ။

**ခက်ဆစ်။** ၁။ ဘဒ္ဒကမ္ဘာ=ဘုရားငါးဆူ ပွင့်သောကမ္ဘာ။
၂။ ပဌမာဒိက=ရှေးဦးအစက။

နိဗ္ဗာန်၊ ခရီးညွန်သော၊ ကကုသန်ဘုရား၊ သုံးလူ့ဖျားသည်၊ ပဏ္ဏမြားမြည်သို၊ ကုက္ကိုဗောဓိ၊ သီရိညွန့်ရှင်၊ ပလ္လင်ဥဒည်း၊ အောင်မြေစည်း၌၊ ဖြတ်လှည်းငါးမာရ်၊ ပယ်တွန်းလှန်၍၊ အနန္တာရုံ၊ ဝေနေယျပုံကို၊ မြေခုံရိမ်ဒ်၊ဘူမိရတ်သို့၊ လက္ခဏာတ္တယံ၊ ရထားပျံနှင့်၊ ယူခံမစ၊ တင်ပို့သ၍၊ပဌမပွဲကြီးရင်ပါသည်။

## ကောဏာဂုံဘုရားပွင့်တော်မူခြင်း

၂။ ထိုအနှစ် ငါးသောင်း၊ သက်ပေါင်း အာယုကပ်၊ ပညပ်သည်မှ၊တစတစ၊ ခယဝယော၊ ရှေးလျှောဆုတ်နစ်၍၊ ဆယ်နှစ်မြောက် သက်ဘမ်းတွင်၊ သောင်းကျန်းဆိုးဝါး၊ ကပ်သုံးပါး ထိခိုက်၍၊ ပြိုက်ပြိုက်ညက်ကြေ၊ ဂျမ်မြေဇမ္ဗူ၊ လူအလုံးတို့ ၊ သေဆုံးပျက်စီး၍၊ အချည်းနှီးဖြစ်ကြလေကုန်သော်၊ ပုညသမ္ဘာ၊ ပညာရှိသူ၊ အနည်းလူတို့သည်၊ ကြောက်မူလန့်ကြား၊ ပြေးသွားပုန်းရှောင်၊ တောတောင်

---

မှတ်ချက်။ ၁—ကျွန်းမြေဇမ္ဗူ၊ လူအလုံးတို့သည်၊

ခက်ဆစ်။ ၁။ ငါးမာန်= ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်,မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသောမာရ်ငါးပါး။

၂။ အနန္တာရုံ=အဆုံးမရှိသောဉာဏ်တော်၏ ကျက်စားရာအာရုံ။

၃။ ရိမ်ဒ်=(အရိမဒ္ဒ) ကိလေသာရန်ကို ချိုးနှိမ်ရာ။

၄။ လက္ခဏာတ္တယံ=အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ်သုံးပါး။

၅။ ကပ်သုံးပါး= သတ္ထန္တရကပ်, ရောဂန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်။

၆။ ပုညသမ္ဘာ=ကုသိုလ်အဆောက်အဦ။

ဝင်ခို၊ ဗြဟ္မစိုရ်ဘဖန်၊ ကျင့်ကြံပြန်၍၊ လူ့ဌာန်ဝင်မြောက်၊ လူ့အလျောက်ဖြင့်၊ အဆောက်အဦ၊ ထောင်ထူဝတ္ထု၊ ပြုစုကြရာတွင်၊ ဓမ္မတာနိယံ၊ ကုသိုလ်ကံတရား၊ ဟိတ်နှစ်ပါးကြောင့်၊ ပွါးတုံပွါးတုံ၊ လူပုံဗိုလ်ပါ၊ သတ္တဝါတစုတို့သည်၊ အာယုအသင်္ချေ၊ တည်နေဖြစ်ထွန်းပြီးမှ၊ ရှေးကာလငြိမ်း၊ စည်းကမ်းယွင်းယို၊ ဗြဟ္မစိုရ်လစ်လပ်၍၊ ဆုတ်ကပ် တဆစ်[၁]၊ အနှစ်သုံးသောင်း ခုနစ်ထောင့်ငါးရာ၊ အခါအဘို့၊ လူတို့သက်တမ်း ရောက်ပြန် လတ်သော်၊ နိဗ္ဗာန်စိုးခြိ၊ ကောဏာဂုံ မည်ရ၊ ဘဝသနင်း၊ တရားမင်းသည်၊ ဝင်းဝင်းလျှံမောင်း၊ မြတန်ဆောင်းသို့၊ ရိပ်ကောင်းပင်ဝန်း၊ ရေသဖန်းဟု၊ ရွှေနန်းဥကင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ဇေယခုံ၊ မြေရန်လုံ၍၊ သုံးဘုံတမွတ်၊ အထွဋ်မြောက်ဘိုင်၊ တရားပိုင်၍၊ သုံးဆိုင်ဘုံသူ၊ ဝေနေလူကို၊ မဓုရသ၊ အမတမြိုက်ဆေးဖြင့်[၂]၊ တိုက်ကျွေးဖြန့်ချိလျက်[၃]၊ ဒုတိယပွဲကြီးရင်ပါသည်။

## ကဿပဘုရား ပွင့်တော်မူခြင်း

၃။ ထိုမှနောက်လည်း၊ ထို့နည်းထို့ပုံ၊ ယုတ်တုံတက်ပြန်၊ ဘဖန်လျှောကျ၊ တတိယအန္တရ၊ ဟာယနုဆုပ်ကပ်၍၊

---

မူကွဲ။ ၁—ဆုတ်ကပ်အသစ်၊ ၂—ဓမ္မမြိုက်ဆေး၊ ၃—တိုက်ကျွေးကုသ်လျက်။

ခက်ဆစ်။ ၁။ ဗြဟ္မစိုရ်=မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော လေးပါးသော ဗြဟ္မစိုရ်တရား။

၂။ သုံးဘုံ=ကာမဘုံ, ရူပဘုံ, အရူပဘုံ။

သဗ္ဗဟိန္ဒုဂူ၊ လူတို့သက်ဆစ်၊ အနှစ်နှစ်သောင်းငါးထောင် ယခေါင်ခန့်တိုင်း၊သက်ပိုင်းဆုံးဖြတ်၊ ရောက်ပြန်လတ်သော် ကဿပ ဘုရား၊ ငါးပါးစက္ခု၊ သဗ္ဗညု ဘုန်းခေါင်သည် ပညောင်ရွက်စိပ်၊ ဗောဓိရိပ်တွင်၊ မာရ်နှိပ်ဝိဇယ၊ အတုလ မြေ၊ ပလ္လင်ဖွေ့ဝယ်[၁]၊ ငါးတွေ့ဥယျာ၊ မြတ်ဓမ္မကို[၂]၊လက်ရ ဆွတ်ချူ၊ ပိုင်တော်မူ၍၊လူဝေနေဗိုလ်၊များအဟိုကို[၃]၊ မဂ်ဖိုလ် ရှစ်ပါး၊ယမားကျိုင်းထိ၊ အကြီးအကျယ်၊မင်းဘွယ်စိုးခမ်း၊ ဖုံးလွှမ်းသားနား၊ မြောက်စားဖြန့်ဖြူး၊ ရာထူးဝိသေသ၊ အောင်ဆုဌာ၍၊ တတိယပွဲကြီး ရင်ပါသည်။

**ဂေါတမဘုရား ပွင့်တော်မူခြင်း**

၄။ ထိုမှ နောက်တို၊ ရှေးပုံပမာ၊ ဆုတ်ကာပွားပြန်၍၊ စတုတ္ထန္တရ[၄]၊ နုလောမဖြင့်၊ ကာလချင့်တွက်၊ လူ့အသက် တရာတမ်းသို့ ရောက်လတ်သော်၊ သာရမဏ္ဍ၊ ကမ္ဘာ မှ၌၊

မှတ်ချက်။ ၁-ပလ္လင်ဖွေ့ထက်၊ ၂-ဥယျာဉ်မြက်၊ ၃-များထိုထိုကို၊ ၄-ဝန္တန္တရ။

ခက်ဆစ်။ ၁။ ဟိန္ဒုဂူ=အနိဋ္ဌသဘော မလွန်နိုင်သူများ။

၂။ ငါးပါးစက္ခု=ဗုဒ္ဓစက္ခု၊ဓမ္မစက္ခု၊ သမန္တစက္ခု၊ ပညာစက္ခု၊ဒိဗ္ဗစက္ခုဟုဆိုအပ်သောစက္ခုငါးပါး။

၃။ ငါးတွေ့ဥယျာ=သမ္ဘိဒါ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ပညတ်ဟု ဆိုအပ်သော ဥယျာဉ်တရား ငါးပါး။

၄။ မဂ်ဖိုလ်ရှစ်ပါး=သောတာပတ္တိမဂ်၊ ဖိုလ်၊ သကဒါဂါမိမဂ်၊ဖိုလ်၊ အနာဂါမိမဂ်၊ဖိုလ်၊ အရဟတ္တမဂ်၊ဖိုလ်ဟု ဆိုအပ်သော မဂ်လေးပါး၊ဖိုလ်လေးပါး၊ ပေါင်း ၈-ပါး။

၅။ သာရမဏ္ဍကမ္ဘာ=ဘုရားလေးဆူ ပွင့်သော ကမ္ဘာ။

စတုတ္ထမင်းတရား၏၊ရွှေဘဝါးတော်အောက်၊လျှားမှောက် ဝပ်စင်း၊ ကိုယ်ဖြင့်ရှင်း၍၊တင်းတင်းသန့်စွမ်း[1]၊ မှုထမ်းအား ကြီး၊ နှီးခဲ့သည့်အတိုင်း၊ အပိုင်းအခြား၊ ထားတော်မူအပ် သော၊ ပညပ်သမုတ်၊ ရွှေနှုတ်မင်္ဂလာ၊ သိုက်ကြီဘာသည်၊ အခါစေ့လတ်တုံရကား၊ကမ္ဘာဦးမဟာသမ္မတမင်းကစ၍၊ သူရိယမိတ်၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ ဇမ္ဗုသနင်း၊မင်း သုံး သိန်းသုံးသောင်း လေးထောင့် ငါးရာ ခြောက်ကျိပ်ရှစ် ယောက်၊ မြောက်ခဲ့ပြီးသော်၊ တိုင်းကြီးသက္က၊ ကပိလ ရွှေ ပြည်၌၊ဇေယျသိန်မင်းကြီး၏သား သီဟဟနုမင်းကြီးသည်၊ ရှစ်ထီး စိုက်ထူ၊ မုဒ္ဒနာ ယူ၍၊ ဇမ္ဗူသိမ်းတော် မူသည်တွင်၊ ထိုမင်းယောက်ဖ၊ဒေဝဒဟ၊ ပြည်ဌာန၌၊သက္ကဝံသ၊မဟာ သုပ္ပဗုဒ္ဓမင်းကြီးသည်[2]၊အတီးပညပ်၊ ယုဂ်လေးရပ်တွင်၊သဗ္ဗ အန္တိ၊ ကလိယုဂ်အတွင်း၊ သက္ကမင်းမှ[3]၊ အရင်းအမြစ်၊ဝေါ ဟာဖြစ်သော၊သက္ကရာဇ်ရှစ်ထောင့်ခြောက်ရာ လေးဆယ့်ခု နစ်ခုကို၊ဟောတုဘုမ္မိ၊ ကိန်းလက်ရှိဖြင့်၊ဖြိုဘိချေခွင်း၊အကြွင်း

---

မူကွဲ။ ၁-တျင်းတျင်းသန့်စွမ်း၊ ၂-မဟာအဉ္ဇနမင်းကြီးသည်၊ ၃-သကျမင်းမှ။

ခက်ဆစ်။ ၁။ ရှစ်ထီး=ကမ္ဗုထီး,စန္ဒထီး, ပဒုမထီး,သမုဒ္ဒဇော ထီး,ကနက္ကဒဏ်ထီး, သူရိယထီး, ဝိသုကမ္မထီး, သမုက္ခထီးဟူသော ရှစ်စင်းသောထီးဖြူ။

၂။ မုဒ္ဒနာ=တင့်တယ်ခြင်း အသရေ။

၃။ ယုဂ်လေး ရပ်= ၁- ကတယုဂ် နှစ် ပေါင်း ၁၇၂၈၀၀၀၊ ၂- တေြတယုဂ် နှစ် ပေါင်း ၁၂၉၆၀၀၀၊ ၃- ဒွါပရယုဂ် နှစ် ပေါင်း ၈၆၄၀၀၀၊ [illegible] နှစ်ပေါင်း ၄၃၂၀၀၀၊ [illegible]

၄၉၀၈

နှစ်ပါး၊ထားသည်ကကို၊ကာလမကြာ၊ကောဇာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်တွင်၊ ခေတ် ဝိသယ၊ လောက အပေါင်း၊ ဥက္ကောင်းရို့ရို့၊ နှိမ်ဝပ်ကြို့ရသော၊ ငါတို့ဘုရားအလောင်း တော်သိဒ္ဓတ်မင်းသားသည်၊ ဝန်းလျှားပတ်စိုက်၊ တသောင်း တိုက်ကို၊ ကျိုက်ကျိုက်ဝှန်ဝေ၊ ကျော်စောစေလျက်၊ ရွှေနီ ဖလံ၊ဝဠ္ဍံပုံ့သင်း၊ အင်ကြင်းမင်္ဂလာ၊မြိုင်ခန်းဝါဠ၊ မာယာ ဘုရား၊ရှစ်သောင်းဖျား၏၊ ပတ္တမြားမြဆိုင်၊ ဂူလိုဏ်သမ်း၊ တိုက်တော်ဝမ်းမှ၊ ငြိမ်းချမ်းသန့်စင်၊ ဖွားမြင်တော် မူပါ သည်။

ဇမ္ဗူချက်ဥ၊ မင်းဆက်တကာ၊ မစံရာသည်၊ မဟာ သမ္မတ်၊စည်းစိမ်မြတ်ဖြင့်၊လောကခေတ်လုံး၊သိမ်းကျုံးဘက် မဲ့၊ ခံစားခဲ့၍၊ သုံးဆယ့်ငါးနှစ်၊ သက်ဆစ်တော်အခါ၊ကော ဇာတရာ့သုံးခုတွင်၊ မြေတုရေထု၊ နေရှု စက္ကဝါ၊ သောင်း မျက်နှာကို၊ချာချာသံရှင်၊ ပွဲတင်ခတ်တီး၊ ကောင်းချီးနမော်၊ ခေါ်ပစေလျက်၊ဗုဒ္ဓဟောသြောင်၊မာရ်အောင်ရန်နှိပ်၊ပလ္လင် ထိပ်ထက်၊ တကျိပ်နှစ်ဦး၊ မိုလ်မှူးယာဉ်၊ စိုးကွပ်ကဲလျက်[၂]၊ သူ့ရဲ ကိလေသာ၊ ထောင့်ငါးရာ ကို၊ ပါရမီ ရဲမက်၊ လက်

မှတ်ချက်။ ၁—ရွှေနီဖလံ၊ကဲ့သဏ္ဌာန်သို့၊ ၂—စိုး[illegible]ပ်ကဲသော။

ခက်ဆစ်။ ၁။ နေရှု=မြင်းမိုရ်တောင်။

၂။ ကိလေသာ ထောင့်ငါးရာ=နာမ်တေပညာသ ၅၃၊ နိပ္ဖန္န ရုပ် ၁၈၊ လက္ခဏာရုပ် ၄ပေါင်း ၇၅ ဖြစ်၏။ယင်းကိုသန္တာန် ၂—ပါးနှင့်မြှောက်၊၁၅၀ ဖြစ်၏။ ယင်းကိုကိလေသာ ၁၀—ပါးနှင့်မြှောက်၊ ၁၅၀၀ ကိလေသာဖြစ်၏။ (နာမ်-နိ-လက်ကို တည်၊ သန္တာန် ကိနှင့်မြှောက်။)

နက် ထားလို့၊ မြတ်ဘုန်းကံဖြင့်၊ လုပ်ကြံတိုက်သိမ်း၊ ငြိမ်းစေတော်မူ၍၊လူဝေနေစု၊ ဗိုလ်ထုအများ၁၊ သုံးပြည်သားတို့ကို၊ ထိုက်သည် အားလျော်စွာ၊သရဏာဂုံသီလ၊မဂ္ဂဖလဌာန်၊ နိဗ္ဗာန်တိုင်တိုင်၊ ပည်းလှိုင်တင်းကျမ်း၊ စည်းစိမ်ဌမ်းကို၊ ပေးကမ်းဝေဌ၊ ဆုတော်ချ၍၊ စတုဿပွဲကြီးရင်ပါသည်။

## ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း

၅။ ထိုစတုဿ မဂ္ဂင်၊ ပွဲသဘင်သည်၂၊ ကြာတင် မြင့်ညောင်း၊နှစ်ပေါင်းလေးဆယ့်ငါး၊တရားတူရိယာ၊ခြိမ့်မျှင်ဖြာလျက်၊ကောဇာတရာ့လေးဆယ့်ရှစ်၊သက္ကရာဇ်ယုဂ၊ကဆုန်လအချိန်တွင်၊ကုသိနာရုံ၊ ရဂုံဂနိုင်၊ အင်ကြင်းမြိုင်၌၊သုံးဆိုင်ဘုမ္မိ၊မိပတိရာဇာ၊ ထွင့်သကျာသည်၊ အနုပါဒိသိသ်၊ တိတ်ဆိတ် ဥပါဒါန်၊ မကျန်ကုန်စင်၊ နိဗ္ဗာန်ဝင်၍၊ သဘင်ပွဲကြီးသိမ်းပါသည်။

နိဗ္ဗာန် အောင်ချက်၊ ဝင်မည့် ရက်တွင်၊ ရွှေစက်တော်ပါး၊ နေခစားသော၃၊ သိကြားမင်းကိုခေါ်တော်မူ၍၊ သူဇမ္ပတေ့၊ ဉာယနေ့ကား၄၊ ခြသေ့ မင်းမြေး၊ ပွဲမွေးနာမ၊ ဝိဇယကုမ္မာ၊လောင်းပွင့်လျာကို၊ဗိုလ်ပါသင်းပင်း၊ကျွန်ရင်း

မှတ်ချက်။ ၁–ဗိုလ်ထုအခြား၊ ၂–ထိုစတုဿပွဲသဘင်သည်၊ ၃–ဝင်ခစားသော၊ ၄–ဉာယနေ့က။

ခက်ဆစ်။ ၁။ ပည်းလှိုင်=အများ၊ တင်းကျမ်း=အပြည့်။
၂။ ရဂုံဂနိုင်=တော။
၃။ အနုပါဒိသိသ်=(အနုပါဒိသေသ)ခန္ဓာအကြွင်းမရှိ။
၄။ သူဇမ္ပတေ့=သုဇိတာ၏ သခင်သကြားမင်း။

ခုနစ်ရာနှင့်တကွ၁၊ လာဥတိုင်းစည်၊ သီဟာပြည်မှ၊ မကြည် မျက်ကြွက်၊ဖြိုနှင်ထုတ်၍၊သမုဒ်ကျယ်ခြား၊ ပင်လယ်ကြော သို့၊ စွန့်မျှောပစ်ပယ်ကြလိမ့်မည်။ ထိုဝိဇယကုမ္မာ၊ ဥပရာ သည်၂၊ လက်ာကျွန်းခွင်၌၊ရာဇဝင်ဖြစ်ပွား၍၊ငါ့ဘုရားသာသ နာကို၊ ကောင်းစွာ မြင့်ရှည်၊ တည်ပိမ့်သသူ ဖြစ်ပေသည်။ ထိုသို့ဖြစ်၍၊ဥပရာဇ်နန်းနွယ်၊မင်းသားငယ်အား၊အန္တရာယ် ရောဂါ၊ ဘေးဘျမ်းကွာအောင်၊ တကာစောင်မ ရစ်ရမည် ဟု၃၊ နတ်ပြည်စိုးရ၊မိုးမဃကို၊ချိုမြနာပျော်၊အာလုပ်ဖော် ၍၊ အမိန့်တော်မြွက် ထုတ်တော်မူခဲ့ပါသည် ။

ဘုရားဘဂဝန်၊ နိဗ္ဗာန်မွေလျော်၊ စံတော်မူသည့်နှစ်၊ ကော်ဇယအန္၌၊ ထိမ်းမှတ် ကောဇာ၄၊ ယုဂ်သချာကို၊ အဇာ တသတ်၊ ထိုမင်းမြတ်နှင့်၊ ကဿပဘုန်းမော်၊ မထေရ်ကျော် တို့၊ ဓါဝေါသညာ၊ သာသနာသက္ကရာဇ်၊ တချက်တည်း ဖြစ်ကြအောင်၊ ပယ်ပစ်အကုန် ဖြိုပါသည်။

ပဌမသင်္ဂါယနာတင်ခြင်း

၆။ လောကဦးစွန်း၊နိဗ္ဗာန်နန်းသို့၊မြန်းသည်မှနောက်၊ လေးလမြောက်တွင်၊ပါမောက္ခဖျား၊ တရားဓမ္မိကာ၊ကဿပ ရဟန္တာသည်၊ အဇာတသတ်မင်းနှင့်တိုင်ပင်၍၊ လေးအင်

မှတ်ချက်။ ၁–ဗိုလ်ပါခပင်း, ကျွန်သင်း ခုနစ်ရာနှင့် တကွ၊ ၂–လောင်းပွင့်လျာသည်၊ ၃–ဆီးကာစောင်မရစ် ရမည်ဟု၊ ၄–ဓိမာသ်ကောဇာ။

ခက်ဆစ်။ ၁။ ဥပရာ=အိမ်ရှေ့မင်း။
၂။ ကော်=၁၊ ဇယ=၄၊ အန္=၀။ + (၁၄၀)။

သမ္ဘိဒါ၊ ဝိဇ္ဇာသုံးတန်၊ အဘိညာဉ်ခြောက်ပါး၊ ဂုဏ်ကြောက်မြားသော၊ ဂိုဏ်းသားငါးရာ၊ ရဟန္တာ အရှင်မြတ်တို့နှင့်၊ ပိဋကတ် ခမ္ဘခန်၊ သုတ်သုံးတန်ကို၊ သမယန္တရ၊ ဝိတဏ္ဍာ ဂိုဏ်းပွါး ဗာဟိသားတို့၊ ပြစ်မှားမွှေနှောက်၊ စုဒ်စော ထောက်၍၊ လှုပ်ချောက်ခြင်းငှါ၊ မဝံ့သာအောင်၊ အက္ခရာ ဝဏ္ဏာ၊ တလုံးမျှနိုက်၊ ဒေါသခမြင်၊ သုဘ်သင်ပုဒ်ပါဌ်၊ အာဂုံ ချွတ်လျက်၊ ညီညွှတ်ဝါဒ၊ ခုနှစ်လမြင့်၊ ပဌမ သင်္ဂါယနာ တင်ပါသည်။

သောဠသနိုင်ရှ် တွင်၊ ရာဇဂြိုဟ်ပြည်မြတ်က၊ နာဂဒတ် မင်းကြီးနှင့်၊ ငါတို့မြန်မာ၊ သုနာပရန်၊ တိုင်းကြီးမှန်သော၊

မူကွဲ။ ၁-ပိဋကဘ်သုံးတန်ကို။

ခက်ဆစ်။ ၁။ လေးအင်သမ္ဘိဒါ=အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါဟုဆိုအပ်သော ပဋိသမ္ဘိဒါလေးပါး။

၂။ ဝိဇ္ဇာသုံးတန်= ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်။

၃။ အဘိညာဉ် ခြောက်ပါး = ဒိဗ္ဗစက္ခုအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, ဣဒ္ဓိဝိဓအဘိညာဉ်, ပရစိတ္တဝိဇာနန အဘိညာဉ်, အာသဝက္ခယ အဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်။

၄။ သမယန္တရ=အယူတပါးရှိသူ။

၅။ သောဠသနိုင်ရှ်= တိုင်းကြီး ၁၆-တိုင်း= ၁-အင်္ဂတိုင်း၊ ၂-မဂဓတိုင်း၊ ၃-ကာသိကရာဇ်တိုင်း၊ ၄-ကောသလတိုင်း၊ ၅-ဝဇ္ဇီတိုင်း၊ ၆-မလ္လာတိုင်း၊ ၇-စေတိယတိုင်း၊ ၈-ဝံသတိုင်း၊ ၉-ကုရုတိုင်း၊ ၁၀-ပဉ္စာလတိုင်း၊ ၁၁-မစ္ဆ

ပစ္စန္တရာဇ်၊ သရေခေတ်ကာ၊ နေမြစ်နွယ်လာ၊ မဟာသမ္မတ မင်း၊ထိုမင်းနှစ်ဦးတို့သည်၊ စိုးမှူးသိမ်းပိုက်၊ ထီးစိုက်နန်းပြိုင် ဖြစ်ပါသည်။

## ဒုတိယသင်္ဂါယနာတင်ခြင်း

၇။ ဘုရားပရိနိဗ္ဗာန်၊ စံလွန်သည်မှ၊ သက္ကရာဇ်တရာ၊ ရောက်လတ်ခါဝယ်၊ ဝေသာလီပြည်ကြီး ရှင်၊ ဘုရင်ကာဠာ သောကမင်းတရားလက်ထက်၊ဆယ်ချက်သော အမှိုက်၊ ဥဒ္ဒိနယဝါဒီဖြင့်၊ ဝဇ္ဇီတိုင်းသား၊ ရဟန်းများတို့၊ ဖေါက်ပြား သည်ကို အကြောင်းမှု၍၊ နိဗ္ဗုတာရုံ၊ ပြည့်စုံလက်မှို၊ သိဒ္ဓိ မြောက်ပြီး၊ထေရ်ကြီးခုနစ်ရာ၊ရဟန္တာတို့သည်၊ ရှင်မဟာ ယသ၊ ထေရ်နွှက်၊ ဂဏာပါမောက်၊ အကြီးမြှောက်၍၊ မေး လျှောက်ဖြေဖြန်၊ အဋ္ဌသန္နိရ၊ ဖေါ်ပြလင်းလင်း၊ ရှင်းပစေ လျက်၊ ကိုးဖွေ့အင်္ဂါ၊ ဒေသနာကို၊ မှုခါရှုဦ၊ ပေါင်းညီရှစ် လ၊ အံရွတ်ကြ၍၊ ဒုတိယသင်္ဂါယနာတင်ပါသည်။

မှတ်ချက်။ ၁–အဓမ္မကာမ္မ။ ၂–သမယန္တရ။

ခက်ဆစ်။ တိုင်း၊ ၁၂–သူ့ရဓေနတိုင်း၊ ၁၃–အသေကတိုင်း၊ ၁၄–အဝန္တိတိုင်း၊ ၁၅–ဂန္ဓာရတိုင်း၊ ၁၆–ကမ္ဗောဇတိုင်း။ (မာဂဓတိုင်း၏မြို့တော်ကား ရာဇဂြိုဟ်တည်း။)

၁။ ဥဒ္ဒိနယ=ဝိနည်းနှင့်မညီ။

၂။ နိဗ္ဗုတာရုံ=နိဗ္ဗာန်အာရုံ။

၃။ အဋ္ဌသန္နိရ=အနက်ထူး– အဓိပ္ပါယ်ထူး။

၄ ကိုးဖွေ့အင်္ဂါ=၁-သုတ္တ၊ ၂-ဂေယျ၊ ၃-ဂါထာ၊ ၄-ဝေယျာကရဏ၊၅-ဥဒါန၊ ၆-ဣတိဝုတ္တက၊ ၇-ဇာတက၊ ၈-အဗ္ဘုတဓမ္မ၊ ၉-ဝေဒလ္လ။

တိုင်းမဇ္ဈေချာ၊ ပြည်ဝေသာက၊ ကာဠာသောက မင်းမြတ်နှင့်၊ မြန်ရပ်သင်းကျစ်၊ သရေခေတ်က၊ [၁]တိနေတြ၊ သကလဇမ္ဗူ၊ သိမ်းပိုက်ယူသော၊ အသူရာအောင်၊ ဒွတ္တပေါင် မင်းကြီးသည်၊ ထီးပြိုင်နန်းပြိုင်ဖြစ်ပါသည်။

## တတိယသင်္ဂါယနာတင်ခြင်း

၈။ ရှင်ချစ်ဘုရား၊ နိဗ္ဗာန်လားသည်မှ၊ နှစ်ပွါးကာလ၊ နှစ်ရာ့သုံးဆယ့်ငါးခု၊ ကိန်းစုသာသနာ၊ ထိုအခါတွင်၊ ပါဋလိပုတ္တ၊ ပြည်ချက်မ၌၊ အသောက မင်းကောင်း၊ သောင်းဇမ္ဗူဒိပ်၊ စိုးနိုင်စဉ်အတွင်း၊ သီတင်းဝိသုဒ်၊ ဥပုသ်ပဝါရဏာ၊ ပေါက်ပြန်ဝိသဘာ၊ နာနာဝါဒ၊ ကံဆောင်ကြသော၊ ဗာဟိရတက္ကတွန်း၊ ရဟန်းအလဇ္ဇီ၊ ရှင်ဒုဿီတို့ကိုစွဲ၍၊ လွန်ကဲဇုဒ္ဓိပါဒ်၊ အရဟတ္တအရိယာ၊ ရဟန္တာတထောင်တို့သည်၊ အခေါင်ဓိပတိ၊ မောဂ္ဂလိပုတ္တ၊ တိဿမဟာ၊ ဂိုဏ်းဆရာကို၊ ပရိနာယကပြု၍၊ ပေါင်းစုကိုးလ၊ အံချုတ်ကြ၍၊ တတိယသင်္ဂါယနာတင်ပါသည်။

ဓမ္မသြဿဝ၊ တတိယပွဲ၊ စဲသည့် နောက်နိုက်၊ မောဂ္ဂလိပုတ္တတိဿ၊ သံဃရာဇာ၊ ထေရ်မဟာသည်၊ မဇ္ဈိမဒေသပြင်၊ လွှင်ဗာဟိရ၊ [၂]ပစ္စန္တကိုးရပ်နိုက်၊ သဗ္ဗညုသာသနာ၊

ခက်ဆစ်။ ၁။ တိနေတြ=မျက်စိသုံးလုံးရှိသူ။

၂။ ပစ္စန္တကိုးရပ်= မဇ္ဈိမဒေသ ပြင်ဘက်ကျသော ပစ္စန္တရာဇ်ကိုးတိုင်း ကိုးဌာနတို့ကား—၁-ကသ္မီရတိုင်း၊ ၂-မဟိံသကတိုင်း၊ ၃-ဝနဝါသီတိုင်း၊ ၄-အပရန္တတိုင်း၊ ၅-မဟာရဋ္ဌတိုင်း၊ ၆-ယောနကတိုင်း၊ ၇-ဟိမဝန္တာအရပ်၊ ၈-သုဝဏ္ဏဘုမ္မိတိုင်း၊ ၉-တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်း။

အဝါကဲလွှန်၊ ထွန်းစိမ့်ရန်လျှက်၊ မဇ္ဈိန္တိက အစရှိသော၊ ဇုဒ္ဓိမန္တ၊ ဒီဃာသဝ၊ လောကဆီမီး၊ ဂိုဏ်းထောက်ကြီးတို့ကို၊ အသီးသီး စေခိုင်း၍၊ ကိုးတိုင်း ကိုးဌာနနှိုက်၊ ဘုရာ့ သာသနာကို၊ ကောင်းစွာပြုစုစေပါသည်။

ကိုးဌာန တိုင်းခန်းတွင်၊ ယွန်းရဟန်းဓမ္မရက္ခိတ၊ ပြုစုရသော၊ အပရန္တတိုင်းကြီးသည်၊ ဘုန်းမီးလျှံခြင်း၊ မြန်မာမင်းတို့၊ နန်းခင်းရာရိုက်၊ ထောင်စိုက် စိုးမိုးရာ၊ မင်္ဂလာအောင်မြို့၊ မှောင်မညို့သော၊ ကျွန်ုပ်တို့မြန်မာတိုင်းကြီးပင်ဖြစ်ပါသည်။

အဝန်းကိုးရာ၊ မဟာဘုမ်၊ တိုင်းမဏ္ဍိုင်-က၊ သိရိဓမ္မာသောကမင်း၊ သမုဒ်ခြားရာ၊ ကျွန်းသင်္ဘာက၊ ဒေဝါနံပိယတိဿမင်း၊ သိရိခေတ္တာ၊ မြန်မာ့ပိမာန်၊ တိုင်းရပ်ဌာနက၊ ရန်ပေါင်မင်း၊ ထိုမင်းသုံးပါးတို့သည်၊ တရားစည်ကြီး၊ အညီတီး၍၊ ထီးတာပြိုင်နက် ဆောက်ပါသည်။

အထက်ကာလ၊ ဗျာဒိတ်ရသော၊ ဝိဇယကုမ္မာ၊ လောင်းပွင့်လျာသည်၊ လင်္ကာကျွန်းကြီး၌၊ ထီးနန်းတိုင်းပြည်၊ တည်ထောင်သည်ကစ၍၊ ဝိဇယ ဘုန်းကြွယ်၏၊ အနွယ်တော်တဘက်၊ သက္ကဌာနီ၊ ကပိလဝတ္ထု၊ ပြည်ပျိုနုက၊ ဗန္ဓုသာကီဝင်၊ ဘုရင်ပြည်စိုး၊ စောသတိုး၏၊ နေမျိုးလည်းတဘက်၊ အဆက်ဆက်ပွါးပြန်၍၊ နိဗ္ဗာန်ဆိပ်သာ၊ ကျွန်းလင်္ကာနှိုက်၊ မဟာဝင်နွယ်၊ ဆက်သွယ်စည်ကား၊ အလွန်အားဖြင့်၊ ဘုရားသာသနာတော်၊ ထွန်းပေါ်ပွင့်လင်းလှပါသည်[၁]။

---

မူကွဲ။ ၁–ဘုရားသာသနာ၊ ရောင်ဝါထွန်းဝင်း၍၊ ပွင့်လင်းလှပါသည်။

## စေတုတ္တသင်္ဂါယနာတင်ခြင်း

၉။ ထိုတမ္ဗပဏ္ဏိနိုက်၊ ဝိဇယမင်းမှ၊ ဆယ့်ရှစ်ဆက်မြောက်၊ လျှံတောက်တေဇ၊ ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်၊ မဂ်ဝေဇယန်၊ ဘောင်တော်ကန်၍၊ နိဗ္ဗာန်ဝင်တော်မူသည်မှ၊ လေးရာ့ငါးဆယ်၊ မြင့်ကြွယ်နှစ်ပုံ၊ ရောက်လတ်တုံသော်၊ အာဂုံပိဋကတ်၊ ကျမ်းတတ်ငါးရာ၊ ရဟန္တာတို့သည်၊ ဤအခါမှ၊ နောက်ကာလ၌၊ မုဋ္ဌဟာနိ၊ သတိပညိန္ဒြေ၊ ယုတ်သွေ့ယွင်းချို၊ လူတို့ဉာဏ်နည်းချေတော့မည်၊ ဉာဏ်နည်းပါး၍၊ ဘုရားမုက္ခပါဌ်၊ ပိဋကတ်ကို၊ နှုတ်လွတ်ဖေါင်ဖေါင်၊ မဆောင်နိုင်ကြ၊ ရှိချေကလည်း၊ မူလပရိယတ်၊ ပိဋကတ်သုံးဖြာ၊ သာသနာသည်၊ မကြာကွယ်ပျောက်ချေတော့မည်ဟု၊ အရှည်တလျှား၊ ရှေ့အလားကို၊ ထောက်ထားဆင်ခြင်၊ မြင်တော်မူကြသဖြင့် လည်းကောင်း၊ ထေရာဝါဒမှ၊ ပက္ခတစု၊ ဂိုဏ်းသီးပြုသော၊ ကုဗိဂ်လ[၁]၊ မဟာတိဿမထေရ်တို့၏၊ မူနည်းအာစာရ၊ အဓမ္မတို့ကို၊ သံဝေဂရှိတော်မူကြသဖြင့် လည်းကောင်း၊ အကြောင်းနှစ်တန်၊ သာသနန္တရာယ်၊ မိစ္ဆာနွယ်တို့ကို၊ ပယ်တော်မူလိုသောကြောင့်၊ သီဟိုဠ်ကျွန်းထဲတွင်၊ မာလဲအမည်ရှိသောဇနပုဒ်ဌာန၊ အာလောကနလိုဏ်ကြီး၌၊ နိုးနှောရုံးစု၊ တိုင်ပင်ပြု၍၊ သုံးလူ့သနင်း[၂]၊ ဟောရင်းပါဠိနှင့်တကွ၊ အဋ္ဌကထာစုံ၊ ပိဋကတ် သုံးပုံကို၊ ခိုင်လုံသော့ရိုက်၊ ဝမ်းရွှေတိုက်မှ၊ နှိုက်ကာနှိုက်ကာ၊ ပေရွက်လွှာတွင်ငါးရာဘုရား၊ ထေရ်မြတ်များတို့၊ ရေးသားပြီးသ၊ တင်ထားကြ၍၊ စေတုတ္ထသင်္ဂါယနာတင်ပါသည်။

---

မူကွဲ။ ၁-ကုဗိတ္တလ၊ ၂-သုံးလူ့မှန်ကင်း။

ခက်ဆစ်။ ၁။ တမ္ဗပဏ္ဏိ=သီဟိုဠ်ကျွန်း။

လက်ဒီပ-က၊ ဝဋ္ဋဂါမဏိမင်း၊ ခေဋ္ဋာသရီ၊ ဌာနီ အောင်ချက်၊ ငါတို့ဘက်က၊ ကြက်ဥကွောင်းစား၊ င-တပါး မင်း၊ ယိုမင်းနှစ်ဆူ၊ ရိပ်ဖြူဖြန့်ဝန်း၊ ရွှေနန်းစိုးကြ၊တကာလ ဘည်းဖြစ်ပါသည်။

## ပဉ္စမသင်္ဂါယနာတင်ခြင်း

၁၀။ နိဗ္ဗာန်အောင်ချာ၊ဝင်သောခါမှ၊ငါးရာမျှလောက်၊ နှစ်ပေါင်း ရောက်သော်၊အောက်နိုက် ညွှန်ပြ၊ကိုးဌာနတွင်၊ ယောနကတိုင်း၊ အပိုင်းအခြား၊ တဂိုဏ်းထားသော၊ ယိုးဒယားလူမျိုးတို့နေရာ၊ သာဂလပြည်ကြီးကို၊ ဘုန်းမီးထွန်းပ[1]၊ အစိုးရသော၊ မိလိန္ဒမင်းမြတ်သည်၊ ပိဋကတ်သုံးပုံကို၊ အာ ဂုံနှဘ်ပါ၊ ကြံစိတ်ဖြာ၍၊ ပညာရှိဟူသမျှ၊ ပဏ္ဍိတတို့၏၊ ဟဒ ယဝတ္ထုရုပ်ကို၊ ဟုန်လှုပ်ပူပန်စေခြင်းငှါ စွမ်းနိုင်ကောင်း သော၊ ကျူးကြောင်း နက်နဲ၊ ခက်ခဲလှသော ပြဿနာဖြင့်၊ ပုစ္ဆာစေဒက တင်သည်တွင်၊ ရှင်နာဂသိန်၊ ထေရ်မုနိန် သည်၊ မိလိန်မင်းမြတ်၏၊ ခဲကတ်လှသောပြဿနာစေဒက ကို၊ ဝဇီရာဝုဓ၊ ယိတိုင်းရှသော၊ ဝိဇယစက်[2]၊ ဉာဏ်လက် နက်ဖြင့်၊ ခုတ်ဖျက်သင်ဖြေလျက်၊ သုံးတွေသာသနာ၊ ထွန်း စိမ့်ငှါဟု၊ ပညာဝီရိယ၊ ဥဿာဟဖြင့်၊ ပဥ္စမ သင်္ဂါယနာ တင်ပါသည်။

ယောနကလောကံ၊ ယိုးဒယားနိုင်ငံတွင်၊ထီးရံနန်းတည်၊ သာဂလ ရွှေပြည်က၊ ဘုန်းစည်ကျော်ရှိန်၊ မိလိန္ဒမင်း၊အပ ရန်ဂိုဏ်း၊ တိုင်းသီရိခေတ်၊ မြစ်၏အရှေ့၊ ရသေ့ပြုဖန်၊ ပြည် ဗိမာန်က၊ ပါပိရန်မင်း၊ ထိုမင်းအပြိုင်၊ နှစ်နန်းဆိုင်၍၊ စိုးပိုင် စမွယ်ကြပါသည်။

---

မှတ်ချက်။ ၁-ဘုန်းမီးနေလ၊ ၂-ဝဇီရစက်။

နိဗ္ဗာန်လွန်မြောက်၊ အစဉ်ရောက်သော်၊ ခြောက်ရာ့နှစ်ဆယ့်လေးခုတွင်၊ ဉတုစိတ္တ၊ ဒွိဇသမုဒ္ဒါန်၊ သင်္ကြန်ဝိမာသ်၊ နက္ခတ်ယောဂ၊ နေ-လ-နှစ်ပါး၊ အသွားယှဉ်းဖေါက်၊ ကိန်းခန်းရောက်သောကြောင့်၊ အောက်နှစ်ဘုံနတ်၊ တမွတ်စိုးရ၊ အယုဇ္ဈသခင်၊ မိုးဘုရင်သည်၊ ဆင်ခြင်ရှုမြော်၍၊ လော်ကနန္ဒာ[1]၊ ဟည်ရာ ရပ်ကွက်၊ မြဲကျောက် ထက်၌၊ ရွှေလက်တံဆိပ်၊ ခတ်နှိပ် ပြေချော၊ ဒေါဒေါရသ[2]၊ မြို့ကိန်းကျဟု၊ ဒေဝဏ္ဏဒွိပါဒ်၊ ထိမ်းမှတ်အသစ်၊ ကိန်းစနစ်ဖြင့်၊ သက္ကရာဇ်တကြိမ်ဖြိုပါသည်။

## ဆဋ္ဌမသင်္ဂါယနာတင်ခြင်း

၁၁။ ယင်းသို့ဖြို၍၊ အဘိုနှစ်ခုထားသည်မှ၊ သက္ကရာဇ်သုံးရာ့ရှစ်[2]၊ ရှင်ချစ်ဗုဒ္ဓ၊ မုနိန္ဒ၏၊ ဒီဃသာသနာ၊ ကိုးရာသုံးဆယ်တွင်၊ ကျွန်းလယ်မဇ္ဈိ၊ ဗောဓိအနီး၊ ရွာကြီးဂါမ၊ ယောသက၌၊ ပုဏ္ဏားရင်သွေး၊ ရှေးအတိတ်က၊ ဗျာဒိတ်ရသော၊ ကလျာဏပုတုဇန်၊ ထေရ်မွန်ဗုဒ္ဓဃောသာ၊ ဆရာကျော်ပုဂ္ဂိုလ်သည်၊ သီဟိုဠ်ဘာသာဖြင့်၊ အက္ခရာဘင်ထားသောဘုရားပိဋကတ်ကို၊ ပုဒ်ပါဠ်မယွင်း၊ ဟောရင်းမူလ၊ မာဂဓဘာသာဖြင့်၊ အဋ္ဌကထာစီရင်၊ ရေးတင်ပြုစု၍၊ သုဝဏ္ဏဘုံ

---

မူကွဲ။ ၁—ဒွိဇသမုဒ္ဒါ၊ သင်္ကြာမိမာသ်၊ နက္ခတ်ခသာဇန၊ ၂-အဘိုနှစ်ခုမှတ်သည်မှ၊ ရသ့်သက္ကရာဇ်။

ခက်ဆစ်။ ၁။ လော်ကနန္ဒာ= ပုဂံမြို့အနီး တောင်မျက်နှာဘွင် သောက နန္ဒာအရပ်။

၂။ ဒေါ= ၂၊ ဒေါ= ၂၊ ရသ= ၆။ + (၆၂၂)။

သထုံနဂရ၊ ပြည်ဌာနသို့၊ လုံ့လဆောင်ယူ ခဲ့ပြီးသော်၊ မြေ ပေါ်နှံ့ပြား၊ ဇမ္ဗူသားတို့ကို၊ သင်ကြားကူးယူ စေသဖြင့်၊ ထေရာသဘာ၊ ရှင်ဃောသသည်၊ ဆဋ္ဌမ သင်္ဂါယနာတင် ပါသည်။

လင်္ကာဒီပံ၊ကျွန်းနိုင်ငံက[1]၊မဟာနာမ်မင်း၊တောင်ဇမ္ဗူယံ၊ မြန်နိုင်ငံက၊ပုဂံဇာတ်၊အရင်းရှိသော၊ သီရိပစ္စယာ မြို့တည်၊ သော်ဥလည်ကြောင်မင်း၊ သုမ္မပုရ၊ သုဝဏ္ဏ-က၊ ခမ္မပါလ မင်း၊ ထိုမင်းကောရာဇ်၊ မင်းစစ်သုံးပါး၊ တရားမွ[2]၊ ရာဇည တို့သည်၊ ကာလတချက်တည်းဖြစ်ပါသည်။

သာသနာဝေဿ၊ ထောင့်တရာ့ရှစ်ဆယ့်လေးခု[3]၊ နေ ရသနှင်း၊မိုးနတ်မင်း၏၊မြို့ကြွင်းလက်စ၊ဝေါးရာ့ခြောက်ဆယ့် နှစ်၊သက္ကရာဇ်ကောဇာကို၊ ပေါ်ကွာချာမှံ၊နန်းစံမပျက်၊မင်း ဆက်ဗာဝီသ၊ နေမှန္တယ်ပြား၊ ပုပ္ပါးစောရဟန်း၊ လူ့ကြွင်းနှင်း သည်၊ ကိုန်းခန်းနေကျ၊ ခ-ဆ-ပဉ္စာ၊ သချာအလို၊ နုတ်သိမ်း ဖြို၍၊ အတိုနှစ်ခု ထားပါသည်။

## သတ္တမသင်္ဂါယနာတင်ခြင်း

၁၂။ ပိနာယကာ၊မုနိန္ဒလည်း၊ ဒေမတဇ္ဈနန်း၊သိမ်းမြန်း တော်မူသည်မှ၊ကိန်းရှည်သာသနာ၊သင်္ချာအစေ့ဖြင့်၊ထောင့် ခြောက်ရာ့တစ်၊ သက္ကရာဇ်အလို၊ ကိန်းတိုရသော၊ လေးရာ့ တဆယ့်ကိုးခုတွင်၊အနုရုဒ္ဓဒေဝရာဇာ၊ နော်ရထာမင်းစော

---

မှတ်ချက်။ ၁—လင်္ကာမည်ခံ၊ ကျွန်းဒီပံက၊ ၂—တရားမင်း၊
၃—တထောင့် တရာ့ရှစ်ဆယ့်လေးခု။

ခက်ဆစ်။ ၁။ ဗာဝီသ=၂၂။
၂။ ခ=၀၊ဆ=၆၊ ပဉ္စာ=၅။ +(၅၆၀)။

သည်၊ အာသဝေါ မလိမ်းကျံ၊ ဝဋ္ဋဒုက္ခဆိတ်ညံသော[1]၊ အရဟံမည်ခေါ်၊ မထေရ်ကျော်ကို၊ အဖေါ်သဟဲ၊ တကဲ မှိုင်ငြိမ်းပြု၍၊ သုဝဏ္ဏဘုမ္မိ၊ သထုံရှိသာသနာ၊ လက်ာ ကျွန်းဘောင်၊ သွားယူဆောင်သော၊ မြားမြောင်မွေခေတ်၊ ပရိယတ်ကျမ်းစာ၊ သာသနာတို့ဖြင့်၊ ရဟန္တာရှင်အရဟံသည်၊ စီမံပြုသ၊ လမ်းမှန်ချ၍၊ မူလရှိဟောင်း၊ ခြောက်သောင်း ကျော်စင်၊ အရည်းရှင်တို့၏၊ ဥမ္မတ္တက်[2]၊ နိရယစီးပွါး၊ အယူမှားတို့ကို၊ ပယ်ရှားဉာဏ်ရောင်၊ နှိပ်နင်းအောင်မှ[3]၊ တထောင်အရိယာ၊ ရဟန္တာတို့သည်[4]၊ အောင်ချာပူရ၊ ရိမဒ္ဒနိုက်၊ သတ္တမသင်္ဂါယနာတင်ပါသည်။

သာသနာတော်၊ တထောင့် ကိုးရာ့ ရှစ်ဆယ့်နှစ်[5]၊ သက္ကရာဇ်ရှစ်ရာ၊ နှစ်ကောဇာတွင်၊ ရတနာပူရ၊ ပြည်ရွှေဝနိုက်၊ မြန်မာ့သနင်း၊ မိုးညွှင်းမင်းသည်၊ သီတင်းသမာဓိ၊ ပညာရှိသော၊ သမုတိရှင်ကောင်း၊ မင်းကျောင်းပုဂ္ဂိုလ်၊ စာကြိုသူမြတ်တို့နှင့်၊ ညီညွတ်နိုင်းဆ၊ တိုင်ပင်ကြ၍[6]၊ ရိမဒ္ဒမင်း၊ မြို့ကြွင်းစဉ်လာ၊ ရှစ်ရာပြည့်နှစ်၊ သက္ကရာဇ်အစုကို[7]၊ ပဿျုနောသတ်၊ ကိန်းလက်မှတ်ဖြင့်၊ ချေဖြတ်ပယ်ချ၊ သေသနှစ်ခု၊

---

မှုကွဲ။ ၁–ဝဋ္ဋဆိတ်ညံသော၊ ၂–ဥမ္မင်ဂမ၊ ၃–နှိပ်နင်းဆောင်မှ၊ ၄–ရဟန္တာတို့နှင့်၊ ၅–ကိုးရာ့ရှစ်ဆယ့်နှစ်၊ ၆–ညီညွတ်နိုင်းဆ။ ၇–သက္ကရာဇ်တခုကို။

ခက်ဆစ်။ ၁။ အာသဝေါ= ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟူ၍ အာသဝေါ တရား လေးပါးရှိသည်။

၂။ ရိမဒ္ဒမင်း=(အရိမဒ္ဒနမင်း)ပုဂံ ပုပ္ပါးစောရဟန်း မင်းကို ဆိုလိုသည်။

၃။ ပဿျု=ဂ၊ နော=၉၊ သတ်=၇။ +(၇၉ဂ)။

ကိန်းသစ်ပြုသည်တွင်၊ သမုတိမပြောက်၊ နောက်ပုဂံဖြစ်၊ သက္ကရာဇ်တမျိုး၊မိုးညှင်းသက္ကရာဇ်၊ အသစ်တတည်၊အရှည်အတို၊အလိုမပြီး၊နှစ်သီးနှစ်ဖုံ ဖြစ်ပါသည်။

### အဋ္ဌမသင်္ဂါယနာတင်ခြင်း

၁၃။ ရှင်စောဘုန်းစည်၊ ငါးမာရ်နှည်သည်၊ ရွှေပြည်ကျွန်းဦး၊ ကူးတော်မူသည်မှ၊ ကဃပသက္ကရာဇ်၊ အနှစ်နှစ်ထောင့် ခုနစ်ဆယ်°၊ဂ-ငယ်သုံးခု၊ဥသျှစ်ထုဟု၊ လူ့သင်္ကေတ၊ ရှစ်ရာ့ရှစ်ဆယ့်ရှစ်၊သက္ကရာဇ်ကောဇာတွင်၊ မိစ္ဆာမျိုးခြား၊ သိုဟံဘွားသည်၊ တရားယွင်းဖောက်၊မင်းဖြစ်ပြောက်၍၊ မွေနှောက်ညှဉ်းပန်း၊ ရဟန်းကိုသတ်၊ မွေဓာတ်သရီ၊ စေတီကိုဖျက်၊နှုတ်နက်မမွန်၊ ကျမ်းဂန်ခပင်းကို၊မီးထင်းရှို့တိုက်၍၊ စရိုက် ယွင်းမှား၊ ရှမ်းဖျက်ပြားသောကြောင့်၊ ဘုရား သာသနာ၊ ထိုခါတကြိမ်၊ သေးသိမ် နွမ်းနယ် လေသည်တွင်၊ ကေတုမတီသို့သွား၍၊ ရှောင်ရှားလွတ်ကြောင်း၊၊ နေကိန်းအောင်းသော၊ ရှင်ကောင်းထေရ်မြတ်၊ သဒ္ဓမ္မကိတ္တိဆရာ၏၊ သိက္ခာပညာ၊ နည်းနာခံမှီ၊ဂတ္တိရညာဏ်၊စွမ်းသန်ထက်မြက်၊ တပြက်သာမြို့သား၊ လေးပါးသုဒ္ဓိ၊ မြုမငြိသော၊ ရှင်တိသာ

---

မှတ်ချက်။ ၁-သာသနာနှစ်ထောင့်ခုနစ်ဆယ်၊ ၂-ကေတုမတီ၊ တောင်ငူပြည်သို့ သွားခါလွတ်ရှောင်း၊

ခက်ဆစ်။ ၁။ တပြက်သာမြို့=ကျောက်ဆည် စီရင်စု တောင်ပိုင်း ယခုကူမဲလမ်း မီးရထားရုံ၏ အရှေ့တောင်ယွန်း ပြက်ခရွေ တောင်ခြေရင်း၌ ရှိသည်ဟုဆို၏၊ မြတ်စွာဘုရားဓာတ်တော် တပြက်သာ ရောင်ခြည်ပြသည်ကို စွဲ၍ တပြက်သာ ခေါ်ကြောင်းကိုလည်း ကိုးခရိုင် သမိုင်းတွင်ဆိုသည်။

၂။ လေးပါးသုဒ္ဓိ= ၁-ပါတိမောက္ခသံဝရသီလကို

သနဓဇ၊ ဒုတိယ ဇေတဝန်ဆရာတို့သည်၊ မြန်မာမျိုးရင်း၊ သမာဓိမင်းတို့နှင့်၊ အသင်းအပင်းပြုလုပ်၍၊ သာသနုပ္ပဒ္ဒဝ၊ ပျောက်ပကင်းကွာ၊ ပွင့်လင်းသာအောင်၊ ရတနာပူရ၊ပြည်ရွှေဝဲ၌၊ အဋ္ဌမသင်္ဂါယနာ တင်ပါသည်။

## နဝမသင်္ဂါယနာတင်ခြင်း

၁၄။ မဟာဝိရိယ¹၊သုံးလှူ့ဘသည်၊ သီဝဥကင်၊ နိဗ္ဗာန်ခွင်သို့၊ဝင်စုံတော်မူပြီးနှောင်း၊နှစ်ပေါင်း နှစ်ထောင့် နှစ်ရာ့ကိုးဆယ့်ငါး²၊ လူများဝေါဟာ၊ နှစ်ကောဇာ တထောင့်တရာ့ တဆယ့်သုံးခုတွင်၊ သိန္ဓု၊သမိပ၊ရာမည၊မှ၊တန္တပုန်ကန်၊တလိုင်းရန်ကြောင့်၊ဗိမာန်ဌာန၊ပြည်ရွှေဝဲ၌၊ကြေမွပျက်ပြား၊တိမ်းပါးယိုးယွင်း၊ မလင်းသာသနာ၊တခါတဖန်၊ ညစ်နွမ်းပြန်သည်တွင်၊ ဆက်မှန်နေမျိုး၊ တန်းခိုး၀ှန်ချောင်း၊ ပွင့်ဆုတောင်းသော၊ အလောင်းမင်းတရားသည်၊ ဘုန်းအားဇာ္ဇိပါဒ်၊ရန်လုံးသတ်၍၊ သိုက်ဓာတ်ညီစွာ၊ ရတနာသိယ်၊ပြည်မကုန်းဘောင်၊ တည်ထောင်ရွှေနန်း၊ မြန်းသည်ကာလ၊ တ

---

မှတ်ချက်။ ၁-ဝိရိယ၊ ၂-နှစ်ပေါင်းနှစ်ထောင့်နှစ်ရာ့သုံးဆယ့်ငါး၊

ခက်ဆစ်။ ဒေသနာသုဒ္ဓိ, ၂-ဇာန္တိယသံဝရသီလကို သံဝရသုဒ္ဓိ, ၃- အာဇီဝပါရိသုဒ္ဓိသီလကို ပရိယေဋ္ဌိသုဒ္ဓိ, ၄-ပစ္စယသန္နိဿိတသီလကို ပစ္စဝေက္ခနသုဒ္ဓိဟုဆိုသည်။

၁။ သာသနုပ္ပဒ္ဒဝ=သာသနာ့ဘေးရန်။

၂။ သိန္ဓု=သမုဒ္ဒရာ။

၃။ ရာမည=မော်လမြိုင်,မုတ္တမ, ဟံသာဝတီ,ပဲခူး, ဒဂုန်,ဒလ,ပုသိမ်, မြောင်းမြ ဟု ဆိုအပ်သောမွန်တို့ တိုင်းကို ရာမည ခေါ်သည်။

ထောင့် တရာ့ တဆယ့် ငါးခုနှစ်တွင်၊ ကေရာဇ်မင်းမြတ်၏ ဆရာ၊ အတုလ မဟာဓမ္မရာဇဂုရု[1]၊ တံဆိပ် နာမံတော် ရှိသော၊သမုတိထီး၊ မထေရ်ကြီးသည်၊ နေမီးလဝါ၊ မနိုင်း သာအောင်၊ သာသနာရောင်ရွှန်း၊ ထွန်းပစေလျက်၊ သပြေ အခေါင်၊ ကုန်းဘောင်နဂရ၊ ပြည်သိယ်၌၊ နဝမသင်္ဂါယနာ တင်ပါသည်။

## ဒသမသင်္ဂါယနာတင်ခြင်း

၁၅။ အသချေ်ယျ၊နာမတံဆိပ်၊ငါးမာန်နှိပ်သည်၊ ပြည် နိဗ္ဗူခွင်၊ ဝင်တော်မူသည်မှ၊ တွက်ဆသချာ၊ သာသနာ နှစ် ထောင့် သုံးရာ့နှစ်ဆယ်၊ လူဝယ်သိကြား[2]၊ မှတ်သား သံ ဝစ္ဆရ၊တထောင့် တရာ့ သုံးဆယ့်ရှစ်ခုတွင်၊ ဇမ္ဗူဥဿျောင်၊ ကုန်းဘောင်တည်ရင်း၊အလောင်းမင်းမြေးတော်၊တေဇော် ကွန့်မြူး၊ စဥ့်ကူးမင်းတရားသည်၊ ဆယ်ပါးရာဇဓမ်၊ ရွှေနန်းစံ သည်တွင်၊ ဟံသာဝတီရောက်မင်း ဘိုးတော်၊ ဘူပေါ်ရာဇ၊

---

မှတ်ချက်။ ၁—မဟာအတုလာသဒ္ဓမ္မရာဇဂုရု၊ ၂—လူဝယ်သိကြား၊ ၃—တူဘော်ရာဇ၊

ခက်ဆစ်။ ၁။ ဆယ်ပါးရာဇဓံ=ဒါန- အလှူပေးခြင်း, သီလ- အကျင့်သီလရှိခြင်း,ပရိစ္စာဂ-စွန့်ကြဲခြင်း,အဇ္ဇဝ- ဖြောင့်မတ်ခြင်း, မဒ္ဒဝ-သိမ်မွေ့ခြင်း, တပ- မြိုးခြံခြင်း, အကောဓ-အမျက်မထွက်ခြင်း, အဝိ ဟိံသ-မညှဥ်းပန်းခြင်း, ခန္တီ-သည်းခံခြင်း,အဝိ ရောဓ—မဆန့်ကျင်ခြင်း၊မင်းကျင့်တရား၁၀-ပါး။

၂။ ဟံသာဝတီရောက်မင်း ဘိုးတော်= သီရိမဟာ သီဟသူရသုဓမ္မရာဇာဘွဲ့ခံ မာရ်အောင် ရတနာ စေတီတော် ဒါယကာ၊ စနေမင်း တရားကြီး (၁၀၆၀-၁၀၇၆)ကို ဆိုလိုသည်။

ရွှေဝန်နန်းရိုး၊စိုးစဉ်အခါ၊တို့ရွာရှင်ဂုဏာဘိလင်္ကာရ၊အရည်
ပုဂ္ဂိုလ်သည်၊ အလိုကွဲပြား၊ ဝါဒအားဖြင့်၊ ရွာသွားမြို့ဝင်၊
အတင်ဒုက္ကုဋ်၊ ဂိုဏ်းသီးထုတ်၍၊ မဟုတ်သော ဝိနည်းကံကို၊
ကျင့်ကြံဆောင်ရွက်သည်ကစ၍၊သမယပုံ၊ အရုံဂိုဏ်း အတင်
ဂိုဏ်း၊ တပိုင်းတကွဲ၊ လှိုးလွှဲဝေးကွာ[1]၊ ဝိဝါဒါဓိကရုဏ်း
ဖြစ်ကြလျှင်၊ ဝါဒနှိပ်နင်း၊ ဖြေရှင်းသုတ်သင်နိုင်သူ မပေါ်
မထွက်၊ ခြောက်ဆက်မင်းပေါင်း၊ ကာလညောင်းအောင်၊
ထုံးဟောင်းမကျ၊ သာသနအန္တရာယ်၊ ငြိတွယ်မြေးယှက်
ခဲ့သည်ကို၊ပြည်ထက်သနင်း၊တရားမင်းနှင့်၊ရှင်ရင်းမတိမာန်၊
နန္ဒမာလာ[2]၊ထေရ်မဟာတို့၊အာဏာစမ္ပ၊စက္ကနှစ်ပါး[3]၊သုတ်
သင်ရှား၍၊ပိုင်းခြားဆုံးဖြတ်၊လမ်းဖြောင့်မတ်အောင်၊သဒ္ဓမ္မ
ဝါဒီ၊အညီပတ်ကုံး၊နိုင်ငံလုံး၌၊ရှေးထုံးအတိုင်း၊အရုံဂိုဏ်းဟု၊
တဂိုဏ်း တည်းသာ ဖြစ်စေ၍၊ အောင်မြေဌာန၊ အမရဍ္ဍ[4]၊
ဒသမ သင်္ဂါယနာ တင်ပါသည်။

ထိုဒသမ သင်္ဂါယနာ၊ မဟာသဘင်၊ ရင်သည်ကကို၊
ပဌမဝတ္ထု၊ အစပြု၍[5]၊ ယခုမင်းတရားကြီး လက်ထက်
တော်တိုင်၊ ဘုန်းလှိုင်သကျ၊ ဂေါတမ၏၊ ဩဝါဒသာသနာ

---

မူကွဲ။ ၁–တဆိုင်းတပွဲ၊ ကွဲလွဲဝေးကွာ၊ ၂–စလင်းရှင်နန္ဒ
မာလာ၊ ၃–အာဏာစမ္ပစက်နှစ်ပါး၊ ၄–ပြည်ရွှေဝ
နိုက်၊ ၅–အရင်းပြု၍။

ခက်ဆစ်။ ၂။ အရုံဂိုဏ်း အတင်ဂိုဏ်း=ရပ်ရွာထဲသို့ဝင်သော
ရဟန်းသည် သင်္ကန်းရုံ၍ ဝင်သင့်သည် ဆိုသော
အရုံဂိုဏ်း၊ သင်္ကန်းလက်ကတော့တင်၍ ဝင်သင့်
သည် ဆိုသော အတင်ဂိုဏ်း။

သည်၊ နိဗ္ဗာဒိဋ္ဌိ၊ မငြိမရှက်၊ စင်သန့်သက်၍၊ တနှစ်ထက် တနှစ်၊ ဆုတ်နစ်မညံ့၊ ဖြိုးဖြိုးဖွံ့၍၊ ပျံ့နှံ့စည်ပင်ထွန်းလင်းလှ ပါသည်။

ဤသို့ လျှင်တုံ၊ သုံးခွင်မှန်ကူ၊ သယမ္ဘူသည်၊ ပျံ့ကျူမြေ မြှက်၊ ရွှေနှုတ်ပွက်၍၊ မှတ်ချက်သွားနား၊ ထားတော်မူသော သာသနာ၊ သင်္ချာ ပွက်ရေ၊ ငါးထောင် နေတွင်၊ ရွှေပြည်ဓေ မ၊ ဝင်သည်ကကို၊ အမရရန်အောင်၊ နန်းရွှေတောင်၌၊ ကုန်း ဘောင်သတိုး၊ နေမျိုးရန်နှိမ်၊ ဆယ်ကြိမ်ကေရာဇ်၊ ဘုန်းသစ် ဖြိုးလျှံ၊ မိုးစံ ထွန်းတောက်၊ ယခု ရောက်အောင်၊ နောက် အတိတ် သာသနာကို၊ သင်္ချာတွက်စောင့်၊ ဂဏန်း ဖြောင့် သော်၊ နှစ်ထောင့်လေးရာ့ဟအယ့်ငါးခုဖြစ်ပါသည်။ အနာ ဂတ် သာသနာ၊ နောင်လာ လည်းကောင်း၊ ကျန်နှစ်ပေါင်း ကား၊ နှစ်ထောင့်ငါးရာ့ ရှစ်ဆယ့်ငါးခု ဖြစ်ပါသည်။

မြန်မာမင်းမျိုး၊ နေနတ်မျိုးတို့၊ တန်းခိုး အာဏာ၊ နှံ့ရာပတ်ကုံး၊ တိုင်းအားလုံး၌၊ သိုးဆောင်ဝေါဟာရ၊ ပညာ ကြီးသော၊ လူများသာသနာ[၁]၊ နှစ်ကောဇာကား၊ ပေါက္ကာ ရာမ၊ နန်း၌နှ၌၊ နရကြင်နန်း၊ စောရဟန်းမင်း၊ ကိန်းဖြိုခွင်း၍၊ အကြွင်းနှစ်ပါး၊ ထားခဲ့သည်ကို၊ ခုံတည်တောက်ရှု၊ ခွဲဝေ ပြု၍[၂]၊ ယခုသည်နှစ်၊ ဆိုက်ရောက်လစ်အောင်၊ သက္ကရာဇ်- ၁၂....ခု၊ ....ဥတု၊ ........လ၊ ....ရက်၊ ....နေ့ ဖြစ်သည် များကို၊ မှတ်သားတော်မူကြပါ။ အဝိဇ္ဇာနှင့်၊ တဏှာမာန၊ ဒိဋ္ဌိ စသောတရားအလိုသို့ မလိုက်မလာ၊ မနာမယူ၊ ငါးဆူ

မှဲ" ၁။ လူများသညာ။ ၂။ စွဲမှတ်ပြု၍၊

ငါးဆူသောပန်းနိုင်ဖြင့်၊ ရှစ်ဆိုင်သောလမ်းမှ၊ နိဗ္ဗာန်သို့ကျအောင်၊ ဉာဏ်သဘာဟတရားဖြင့်၊ ကြိုးစား၍ အားထုတ်တော် မူကြမှ၊ အပူအေး၍၊ ဘေးလွတ်ကြမည်၊ ဓမ္မစာရီ၊ ပါရမီ မွေ့လျော်၊ သူတော် သူမြတ် တစုတို့။

သာသနာလျှောက် ပြီး၏။

---

ခက်ဆစ်။ ၁။ ငါးဆူသောပန်းနိုင်=ငါးပါးသီလ။
၂။ ရှစ်ဆိုင်သောလမ်းမ=မဂ္ဂင်ရှစ်ပါးကိုဆိုသည်။
၃။ ပါရမီ=ဒါန, သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ, ဥပေက္ခာ၊ ပါရမီ ၁၀ ပါး။

# ဆွမ်းတော်ကြီး ဓာဘမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သုနာပရန္တ ဖြစ်လာပုံ

၁။ ဘဒ္ဒကပ္ပ၊ပေါ်လက်မှန်၊ ရှေးလွန်လေခါ၊ မဟာ
သမ္မတ်၊နေနွယ်နတ်ဟူ၊လောကဓာတ်ပုံ၊ အလုံးစုံကို၊အုပ်ခြိ
နှိပ်နင်း၊ဘုန်းဖန်ဆင်းသော၊ငါတို့သခင်၊ရှင်ဂေါတမ၊ဘုရား
အလောင်း၊ မင်းကောင်းအာဒိက်၊ စိုးစံပေါ်ထွန်းသည်မှ၊
ခုနစ်ဆက်မြောက်၊ ရောက်ကိုလာတ်သော်၊ မန္ဓာတ်ရာဇာ၊
စကြာမင်းဆိုး၊ လေးကျွန်းလုံး၌၊ သုံးဆယ့်ခြောက်ယူဇနာ၊
ဗိုလ်ပါဝန်းရံ၊ ပုနောခံလျက်၊ ယာဉ်ပျံစီးတော်မူသတည်း။
တရံခါသော်၊ သမုဒ္ဒရာရေဆုံး၊ တိုက်လုံးလှည့်ပတ်၊
နှစ်ဘုံနတ်သို့၊ ရုပ်ဓာတ်မပြောင်း၊ စကြာမောင်း၍၊ မိုး
ကြောင်း ဖွင့်တော်မူသတတ်။
ပရိနာယိုက်၊ နန်းကိုက်စောထွင့်၊ သားဩရသ်ကို၊ ပရိ
သတ်ဝန်းသျှား၊ လေးကျွန်းသားနှင့်တကွ၊ ဒေဝနတ်ဌာန်၊
ဘုံဗိမာန်မှ၊ ပြန်စေသည်ကာလ၊ ဝိဒေဟ ကျွန်းသား၊ ဗိုလ်
အများကို၊ ချထားရပ်နေ၊ အခြေအမြစ်၊ အသစ်တိုင်းပြည်၊
တည်စေသည့်ကစ၍၊ ဝိဒေဟတိုင်း-မိထိလာပြည်ကြီးဟု၊
ခြားသီး ပေါ်ထွန်း၊ ဇမ္ဗူ ကျွန်းထက်၊ မော်ကွန်းတဆူဖြစ်
လေသည်။

ခက်ဆစ်။ ၁။ ဝိဒေဟ=(ပုဗ္ဗဝိဒေဟ)အရှေ့ကျွန်း။
၂။ ဇမ္ဗူ=(ဇမ္ဗုဒီပ)တောင်ကျွန်း=ဇမ္ဗူဒိပ်ကျွန်း။

ပဒေသာရောက်၊ မြောက်မြင်းမိုရ်ခြား၊ ကုရု သားတို့၊ တိုင်းပွားပြည်သစ်၊ ဖြစ်လေသည်ကိုအစွဲပြု၍၊ ကုရုတိုင်း-ဥတ္တရပဉ္စာလပြည်ကြီးဟု၊ မြောက်ရိုးအံ့ဩဖွယ်၊ဇမ္ဗူပေါ်၌၊ အကျော်အစော ဖြစ်လေသည်။

နေရှုနောက်ယံ၊ကာဒမ္ဗရာဇ်[၂]၊ပေါ်ဖြစ်ထွန်းပ၊ အပရဂေါယာန်၊ ပိမာန်ကျွန်းသူ၊ ပိုလ်ပါလူတို့၊ ထူထောင်စည်းဝေး၊ သန္တေးရာဌာနကို၊ အပရန္တတိုင်းကြီးဟု၊ အဖြိုးအခိုင်၊ မန်တိုင်မြဲရိပ်၊ဇမ္ဗူဒိပ်ထက်၊ တံဆိပ်ကွင်းကွင်း၊ ဘဝင် ချင်းမျှ၊ သတင်းတန်းခိုး နှံ့လေသည်။

ထိုအပရန္တတိုင်းပင်၊ ပရိနာယက၊ သားသြရနှင့်၊တကွ မကွာ၊ အတူပါသော၊ သဒ္ဒါဟိတ် သဘောကြောင့်၊ သား ဟောဝေပုစ်၊ သုနုပုဒ်နှင့်၊ သမ္ဗယုတ်ဖြစ်စေရာတွင်၊ သုနာပရန္တဟု၊ ဝေါဟာရ ပရိယာယ်၊ တသွယ် ပညပ် တင်လေသည်။

ထိုအပရန္တ၊ သုနာပရန္တ၊ နှစ်မည်ရသော၊ တိုင်းမတိုင်းကြီးကို၊အတီးစာတမ်း၊သာသနာကျမ်းဘို့နှင့်၊ ထောက်လှမ်း၍အမှန်ယူလျှင်၊ ဇမ္ဗူဒိပါတွင်၊မြန်မာမင်းရိုး၊ နေနတ်

---

မှတ်ချက်။ ၁။ ကဒ္ဒမ္ဗရာဇ်။

ခက်ဆစ်။ ၁။ ကုရု=(ဥတ္တရကုရု) မြောက်ကျွန်း။
၂။ ကာဒမ္ဗရာဇ်=ထိန်ပင်မင်း။
၃။ အပရဂေါယာန် = ( အပရဂေါယာန ) အနောက်ကျွန်း။(ထိုကျွန်းသားတို့သည် နွားယာဉ်ကိုစီး၍သွားလေ့ရှိသည်)။
၄။ ဘဝင်=၁-ပုထုဇဉ်ဘဝင်၊ ၂-အရိယာဘဝင်၊ ၃-ဘုရားဘဝင်ဟူ၍ ဘဝင်သုံးပါး ရှိသည်။

မျိုးတို့၊ စိုးမိုးရာဌာန၊ မရမ္မမဏ္ဍလ တဝန်းတလျားသည်၊ ဘုရားဟောပါဠိ၊ ဥပရိပဏ္ဏာသ၊ သဠာယတန သံယုတ်၊ ပါဠိဂုတ်တို့နှင့်၊ တံသုတ်တိုက်ညီ၊ သဘောလည်း ဆီသော ကြောင့်၊ ဤငါတို့ မြန်မာ၊ နေရာရပ်ဌာန်၊ မြေနက်သန်ကို သာ၊ အပရန္တ၊ သုနာပရန္တ၊ တိုင်းချက်မဟု၊ မုချအမှန် ယူ အပ်သည်။

## သုနာပရန္တ ပဌမ သာသနာ

၂။ ဤငါတို့သုနာပရန္တတိုင်း၊ သုပ္ပါဒကသင်္ဘောဆိပ်၊ ဝါဏိဇ္ဇဂါမရွာ၌၊ ဒါယကာစူဠပုဏ္ဏသည်၊ သဒ္ဒါဟုန်ထက် သန်သဖြင့်၊ သရက္ခန် တန်ဆောင်း၊ နံ့သာကျောင်းကို၊ နတ် ပေါင်းချီးမြှောက်၊ဆောက်လုပ်တည်ထား၍၊ဘုရားသခင်ကို၊ ကျောင်းတင်အလှူခံ၊ ကျိုးနွံရှိသေစွာ၊ ပင့်ဘိတ်ရာတွင်၊ ဝါ နှစ်ဆယ်ကျော်စ၊ပဌမဗောဓိအလွန်၌၊ ထေရ်မွန်ရဟန္တာ၊ ငါးရာတပါးယုတ်၊ ဝိသုဒ္ဓိနတ်၊ တပည့်မြတ်တို့နှင့်၊ ပြာသာဒ် ငါးရာ၊ ယာဉ်သာညီးညီး၊ ကြွစီး၍၊ စေတီးတွင်ရှိထား၊ ဘုရားကြွလာတော်မူသတည်း။

ခရီးအကြား၊ တရား အမတ၊ သာဝကဉာဏ်၊ရထိုက် တန်သော၊ သစ္စဗန် ရသေ့ကြီးအား၊ မိးသုံးပါး ၏အမြွက် ဆေးကုံ၊တိုက်ကျွေးဆွတ်ဖျန်း၍၊ရဟန်းငါးရာပြည့်စေသည်။

ဂန္ဓာရုံဟု၊ နံ့တုံလှိုမောင်း၊ နံ့သာကျောင်း ကိုလည်း၊ နောက်နှောင်းအခါ၊မြန်မာမျိုးမည်၊ ဤတိုင်းပြည်၌၊ဖြိုးစည်

---

ခက်ဆစ် ၁။ သရက္ခန်=နွှကျး

၂။ မိးသုံးပါး=ရာဂမီး, ဒေါသမီး, မောဟမီး။

မြင့်ကြာ၊ သာသနာပြန့်နှံ့၊ ထွန်းလတ္တံ့သည်၊ အရှည်နောင်ဘန်ကို၊ ရှေ့ညာဏ်ဆင်ခြင်၊ မြင်တော်မူသောကြောင့်၊ ခံယူသာယာတော်မူသတည်း။

ထိုကျောင်းထက်၌၊ ခုနစ်ရက် ပတ်လုံး၊ သီတင်းသုံး၍၊ ဝင့်ဆုံးဒေသနာ၊ ဟောကြားရာတွင်၊ သတ္တဝါအကိန်း၊ ငါးသိန်း ရှစ်သောင်း ရှစ်ထောင်၊ မြားမြောင်ပြည့်နှက်၊ ဖိုလ်မဂ်ရကြကုန်သတည်း။

၍သို့လျှင်၊သုနာပရန္တ၊ နာမပြည်ပ်၊မြန်တို့ရပ်၌[၁]၊ သဗ္ဗညုဘုရား၊ ထင်ရှားရှိစဉ်၊ ဣသိဒိန္န၊ သစ္စဗန္ဓ၊ ပုဏ္ဏမထေရ်တို့ကိုစွဲ၍၊ ပွဲကြီးသာသနာ၊ ဦးစွာလက်ရင်း၊ သက်ဆင်းဖြစ်ထွန်းဘူးသတည်း။

## သုံနာပရန္တ ဒုတိယသာသနာ

၃။ ဘုရားပရိနိဗ္ဗာန်၊ စံလွန်သည်မှ၊ ၂၃၅-နှစ်၊ သက္ကရာဇ်သာသနာ၊ ရောက်သောခါလည်း၊ ဓမ္မာသောက၊ နရသင်းကျစ်၊ ကေရာဇ်မင်းမြတ်၏ဆရာ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿသည်၊ ဆဋ္ဌဘိညာ၊ ဝိဇ္ဇာမြောက်မြား၊ ဂိုဏ်းသားလက်စောင်၊ တထောင်ကျမ်းတတ်၊ ရဟန်းမြတ်တို့နှင့်၊ ညီညွတ်ဝါဒ၊ တတိယသင်္ဂါယနာ၊ မိစ္ဆာသုတ်သင်၊ တင်တော်မူပြီးလျှင်၊ ရဟန္တာကြီး ၉-ပါးကို၊ရပ်ခြားဒေသ[၂]၊ ကိုးဌာနသို့၊သဒ္ဓမ္မစက်၊ ဖိုလ်မဂ်ဘာရား၊ပွားပစိမ့်ငှါ၊ သာသ

မှတ်ကွဲ။ ၁-မြန်တိုင်းရပ်၌၊ ၂-ရပ်ခြားဒေသ။

ခက်ဆစ်။ ၁။ ရဟန္တာကြီး ၉-ပါး=ကိုးဘိုင်း ကိုးဌာနသို့ သာသနာပြုကြွရောက်ကြကုန်သော ရှေ့ဆောင်ရဟန္တာကြီးကိုးပါးကို ဆိုလိုသည်။

နာပြုချေ၊ လွှတ်စေတော်မူသည့်အခါလည်း၊ ဤသုနာပရန္တတိုင်းသို့၊ ဂိုဏ်းပြည့်ရဟန္တာ၊ သံဃာ ၄-ပါးနှင့်တကွ၊ ဓမ္မရက္ခိတ အမည်ရှိသော၊ ခိဏာသဝ၊ ဈာနလာဘီ၊ ဝသီမြောက်ပြီး၊ရှမ်းခင်ကြီးတပါးသည်၊မိုးဖျားပုံတက်၊ကြွလာသက်၍၊ အဂ္ဂိခန္ဓုပမာ၊ ဒေသနာသုတ္တန်ဖြင့်၊ နိဗ္ဗာန်အထွဋ်၊ ချေချွတ်တော်မူသည်တွင်၊ လူခုနစ်သောင်း၊အပေါင်းများစွာ၊ သတ္တဝါတို့၊ ထိုခါကျွတ်ကုန်ကြလေသည်။

မင်းဆွေမင်းမျိုး၊ ထီးရိုးနန်းညွန့်၊ အ၄နွံ့မြားမြောင်၊ မင်းတထောင်တို့သည်၊ လူ့ဘောင်မှကင်း၍၊ ပဉ္စင်းရဟန်းမူကြသည်။

မိန်းမသူတော်၊ခြောက်ထောင်ကျော်စင်၊ထိုရော်အညီ၊ ဘိက္ခုနီဟု၊ ထေရီဂိုဏ်းကြီးထူကြသည်။

## သရေခေတ္တရာ သာသနာ

၄။ ထို ဓမ္မရက္ခိတ၊ လောကဆီမီး၊ ရှမ်းခင်ကြီး ရဟန္တာ၊ကြွလာစဉ်ကာလက၊ အပရန္တ၊ ဌာနချက်ဗွေ၊ မြန်းရပ်မြေ၌၊သရေခေတ္တရာ၊အောင်ချာပြည်ကြီး၊ရွှေထီးရွှေနန်းသိမ်းမြန်းစိုးဆောင်၊ရန်ပေါင်မင်းလက်ထက်နှင့်၊အဆက်ကြိုက်ကြုံလာသတည်း။

ထိုသရေခေတ္တရာ၊ မဟာနဂရ၊ ပြည်မဥသျှောင်၊ ရန်ပေါင်မင်းလက်ထက်၊ထွန်းတက်သာသနာ၊အားကြီးစွာ၍၊ ရဟန္တာဈာန်ရ၊ လောကတံခွန်၊ ပုဂ္ဂိုလ်ပွန်တို့သာ၊ အလွန်များပြားစွာသတည်း။

---

ခက်ဆစ်။ ၁။ အဂ္ဂိခန္ဓုပမာ=မီးကျီးစုနှင့် အလားတူသော။

**အောက်မဂ်သုံးလီ**၊ လောကီ အဘိညာဏ်၊ ပုထုဇန် ကလျာဏ၊နိရောဓသစ္စာကို၊ဖွေရှာကျင့်ကြံသူ၊လူလူရှင်ရှင်၊ မြေပြင်မဆံ့၊ အန္တပြည့်ဖြိုး၊ သူမြတ်မျိုးကား၊ လက်ညှိုး မလွတ်ရာသတည်း။

ထိုသက္ကရာဇ်၊ ထိုခေတ်အတွင်း၊ ထိုမင်းစိုးကြိုက်၊ ထိုအခိုက်တွင်၊ အမြိုက်ရည်ချူ၊ လူသူတော်စင်၊ အသင်္ခယော၊ အနန္တ ပေါ်သော်လည်း၊ ဤမည်သော ဒါယကာသည်၊ သဒ္ဓါပွားများ၊ သူတပါးထက်၊ စိတ်ထားမြတ်ထွန်း၍၊ ပရိသတ်အပေါင်းကို၊ မကောင်းမြစ်ထား၊ ကောင်းရာတိုက်တွန်း၊ နှုတ်ခွန်းချိုလေး၊ ကုသိုလ်ရေးဖြင့်၊ စည်းဝေးရုံးစု၊ သင်းကြီးပြုလျက်၊ **ဥပေါသထိကဘတ်**၊ ဆွမ်းတော် ဝတ်ကို၊ မချွတ်နေ့ရက်၊ လဆက်နှစ်ရှည်၊ ဆောက်တည်နိစ္စဓူ၊ အမြဲလှူ၍၊ နိဗ္ဗူချမ်းသာ၊ သို့လောက်စင် ရှာသည်ဟု၊ ထို အခါထိုနိုင်ငံတွင်၊ စံတခုဖြစ်လောက်အောင်၊ တယောက် တဦးမျှ၊ ပေါ်ဘူးသည်မထင်၊ ရာဇဝင်မော်ကွန်း၊ စာညွှန်း လည်းမလာ၊ သင်္ဂါယနာသုံးတန်၊ ကျမ်းဂန်လည်းမဆို၊ ဤ ပုဂ္ဂိုလ်၏၊ ကုသိုလ်ပြုဟန်ကား၊ အပရန္တ၊ တိုင်းမျှမှန်ကူ၊ မြန်မာလူ၌၊ **အဗ္ဘုတ အစ္ဆရိယ**၊ ဝိသိဋ္ဌဂုဏ်ထူး၊ မကြုံဘူး သော၊ ပုံထူးစံမြတ်ဖြစ်ပေသည်။

---

**ခက်ဆစ်**။ ၁။ အောက်မဂ်သုံးလီ=သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်။

၂။ ဥပေါသထိကဘတ်=ဥပုသ်နေ့လှူဒါန်းသော ဆွမ်း။

၃။ အဗ္ဘုတ=မဖြစ်စဘူးဖြစ်ခြင်း။

၄။ အစ္ဆရိယ=လက်ဖြစ်တီး၍ အံ့ချီးဘွယ်။

## အရိမဒ္ဒနပုဂံသာသနာ

၅။ ထိုနောက်သာသနာ၊ကိန်းလာခန်းဖြောင့်၊၁၅၆၁ နှစ်၊သက္ကရာဇ် ၃၇၉-ခုတွင်၊အနုရုဒ္ဓဒေဝရာဇာ၊နော်ရထာ မင်းမြတ်သည်၊အရိမဒ္ဒနာ၊ အောင်ချာပရမေ၊ပြည်ချက်ဗွေ ၌၊ကေရာဇ်မင်းဆိုး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးပိုင်စိုး၊ ရှစ်ဆိုင် မိုးကျက်၊ နန်းရိုးဆက်တော်မူသတည်း။

သယမ္ဘူဖျား၊ ဘုရားမြတ်စွာ၊ သုံးလူ့ချာသည်၊ အနာ ဂတံသ၊ ဉာဏကျော်ခေါင်၊ ဉာဏ်တော်ရောင်ဖြင့်၊ နောက် နောင်သာသနာ၊ အကြာအရှည်၊ပုဂံပြည်၌၊ တည်အံ့နိမိတ်၊ ဗျာဒိတ်မြွက်ကြား၊ ထားတော်မူခဲ့ရကား-

ရာဇာဝိရောဇာနုရုဒ္ဓ၊
ဒေဝေါ စက္ကိတရာဇာဝ။
သိရိနုဘောဝန္တော လုဒ္ဓေနာ၊
ဒါယာဂတ[၁] ထေရသေဋ္ဌံ။
ပုဏ္ဏေဝိရဟန္တနာမကံ။ ။

ဟူသောဂါထာနှင့်အညီ၊ သိရိခေတ္တရာသို့၊ ကျမ်းစာအ ယူ၊ ထွက်စံတော်မူသည့်တွင်၊ တောသူမှုဆိုး၊ နတ်တန်းခိုး ဖြင့်၊ သယ်ပိုးဆောင်ရွက်၊ မင်းအားဆက်သော၊ တဏှာကွ ယ၊ ဝိဝဋ္ဋ အရိယာ၊ ရဟန္တာ ရှင်အရဟံ၏၊ ထွေသံ နှုတ် နက်၊ ဓမ္မစက်ကို၊ နှစ်သက်သဒ္ဓါ၊ ယုံကြည်စွာသောကြောင့်၊ သာသနာတော် ၁၆၁၁-ခုတွင်၊ သုဝဏ္ဏဘုမ္မိမှ၊ ပိဋကတ်

---

မှုကွဲ။ ၁—ဒါယာဂမ။

ခက်ဆစ်။ ၁၊ တဏှာကွယ=တဏှာကုန်ခန်းခြင်း။
၂။ ဝိဝဋ္ဋ=သံသရာဝဋ်ကင်းလွတ်ခြင်း။

သုံးပုံ၊ အစုံ ၃၀-ပါ၊ ရဟန္တာတထောင်နှင့် တကွ၊ ဥတ္တရာ ဇီဝမထေရ်ကျော်တို့ကို၊ ပင့်ခေါ်ယူဆောင်၍၊ မင်းခေါင် နော်ရထာ၊ သာသနာ သုတ်သင်၊ ထိုခါတွင်လည်း၊ နိရင် ဏာ၊ ရဟန္တာထေရ်ပေါင်း၊ အသောင်းမကာ၊ သေက္ခဖလ ဌာန်၊ ပုထုဇန်လူ၊ ဇမ္ဗူထက်ဝန်း၊ ပြည့်ဘနန်းမျှ၊ တိုင်းခန်း မြန်မာ၊ ထိုရောခါလည်း၊သာသနာအလွန် ထွန်းသတည်း။

ထိုနောက် တရံ၊ ပုဂံ သာသနာ၊ ၁၇၀၀-နှစ်၊ သက္ကရာဇ် ၅၂၆၊ ကောဇာရောက်တွင်၊ ဖွင့်မြောက်ဥကင်၊ ဘိသိက် တင်သော၊ဘုရင်ဘုန်းရှိ၊ နရပတိ စည်သူသည်၊ ပံ့သကူသခင်၊ ခွေယ်ရှင်အရိယာ၊ ရဟန္တာ ထေရ်ကျော် အား၊ သားတော်ငါးပါးကို၊ ကရားရေစက်၊ ရွှေလက်တော် ကြပ်၊ နှင်းအပ် ဆက်လှူသည်တွင်၊ ပံ့သကူ ရှင်ကျော်၏၊ အာဘော်နိမိတ်ကိုထောက်၍၊ သားငါးယောက်ကိုယ်လေး၊ နတ်ရွေး တော်လှန်စေသော၊ ရွှေစင်ရတနာ၊ သပြာလက်ခ ဖြင့်၊ဘုရား့ရွှေလက်ထက်၊ သရက္ခန်စစ်၊ နှံ့သာနှစ်ကို၊ စံနစ် တော်ကျ၊ သိကြားမ၍၊ ကောသလမင်းခေါင်၊ လုပ်ဆောင် ကိုးကွယ်သော ရုပ်ရှင်တော်မြတ်နှင့်၊ ညီညွတ်တမျှ၊ ပမာ ဏာတူစွာ၊ မြေဘုံသာ,ကစွန်းအို၊ စာကြို့,သိကြားတောင်၊ ချောက်ဘုရားလှဟူ၍၊ ငါးဆူ အထွဋ်၊ ရုပ်ရှင်မြတ်ဘို့ကို၊

---

ခက်ဆစ်။ ၁။ နိရင်ဏာ= ကိလေသာ အညစ် အကြေး မရှိခြင်း။

၂။ သားတော်ငါးပါး= နရပတိစည်သူမင်း၏ သား တော်ငါးပါးကား။ ၁-ဇေယျသူရ၊ ၂-ရာဇ သူ၊ ၃-ဂင်္ဂါသူ၊ ၄-ပျံချီ၊ ၅-ဇေယျသိင်္ခ။

ပြာသာဒ် စံကျောင်းနှင့်တကွ၊ တည်ထားပြုစု၍၊ ဇမ္ဗုဒီပ၊ ရိမဒ္ဒထက်၊ သာသနဒါယကာ ခံတော်မူသည်။

ထိုမင်း လက်ထက်ပင်၊ ဖိုလ်မင်ပြီးပိုင်၊ အဆုံးတိုင်၍၊ ခရိုင်ဝေးနီး၊ ကျွန်းကြီး ကျွန်းငယ်၊ ပင်လယ်သမုဒ္ဒရာ၊ တဘက် မှာသို့၊ ဒေသစာမည့်၊ ကြွတုံ လိုက၊ အကိုယ်လျောင်းလျောင်း၊ မိကျောင်းကျားကြီး၊ ကျောက်ထက်စီး၍၊ ခရီးသွားစမှတ် ပြုသော၊ ခနုပလောင်တို့သခင်၊ ပေါင်းလောင်ရှင်ရဟန္တာ၊ မဟာကဿပ၊ ဈာန်ရဘုန်းလျှံ၊ မထေရ်ပုံသည်၊ တရံရောခါ၊ လင်္ကာဒီပ၊ သီဟဠသို့၊ ကြွတော်မူမည်ဟု၊ ကုန်သည်တို့သင်္ဘောနှင့် လိုက်လေသော်၊ ရေလယ်ကြောတွင်၊ သင်္ဘောတန့်နား၊ ဆိုက်၍ထားသကဲ့သို့၊ မသွားမရွေ့နေလေလျှင်၊ အထွေထွေအကြံနှင့်၊ စာရေးတံကောက်ယူကြရာ၊ ရဟန္တာ အရှင်ကို၊ သုံးကြိမ်ပင် စာရေးတံ ကျ၍၊ သင်္ဘောမှချကြကုန်သော်၊ အဟုန်ထန်ပြင်း၊ သိန္ဓောနင်းသကဲ့သို့၊ ချက်ခြင်းသင်္ဘောထသတည်း[၁]။

ထိုအခိုက်တွင်၊ ရေနိုက်ပျော်အောင်း၊ နတ်မိကျောင်းသည်၊ အရှင်ကောင်း တန်းခိုးကြောင့်[၂]၊ ကျောက်ရိုးပလ္လင်၊ ခံယူတင်၍၊ လင်္ကာကျွန်းသောင်သို့၊ ရောက်အောင်ပို့လင့်ရသတည်း။

သီဟိုဠ်သို့ ရောက်လျှင်၊ ယက္ခဒီပကျွန်းသို့ ကူး၍၊ ဘီလူးမျက်မမြင်တို့အား၊ ရေစင်အွတ်ဖျန်း၊ ပရိတ်ပန်းဖြင့်၊ ကန်းပြီးသော မျက်စိကို၊ ပကတိ မြင်စေရာတွင်၊ သဒ္ဒါ

မှတ်ချက်။ ၁-ချက်ခြင်းသင်္ဘောထွက်သတည်း၊ ၂-အရှင်ကောင်း ဘုန်းကြောင့်။

ကြည်နူး၍၊ ဘီလူးအပေါင်းတို့က၊ အရှင်ကောင်း ရဟန်းမြတ်အား၊ မပြတ်စေသုံးရန်၊ ငရမန်- တောင်ကျည်းဟူသော ဘီလူးငယ်ညီနောင်ကို၊ လက်ဆောင် ကပ္ပိယ၊ ဆက်သလျှဒါန်းလိုက်သတည်း။

သီဟိုဠ် ကျွန်းမြတ်၌၊ မွေ့ဓာတ်သရီ၊ စေတီပုထိုး၊ ရှိခိုးဝတ်ဖြည့်၍ အပြန်တွင်၊ သဏ္ဍာန်ပမာဏ၊ တူမျှတင့်တယ်စွာ၊ မဟာစေတီပုံ၊ လောဟပါသာဒပုံ၊ ဓာတ်တော်မွေ့တော်၊ မဟာဗောဓိ ညောင်တော်စေ့များကို ဆောင်ယူ၍၊ ဇမ္ဗူဒိပ်တည်၊ ပုဂံပြည်သို့၊ ပြန်လည်ရွှေ့စက် ကြသတည်း။

ထိုသာသနာတွင်၊ ဟန်လင်းမြို့တောင်လက်၊ မှက်ထိသာရိုင်ရွာမှ၊ အင်္ဂါယောင့်စောင်း၊ ဒိန်းကျောင်းဆရာ၊ သုမေဓာ အမည်ရသော၊ ဈာနလာဘီ၊ လဗ္ဘီသူတော်၊ မထေရ်ကျော်သည်၊ ထိုရော်အခါ၊ သာသနာနှိုက်၊ ကျေညာကျော်စောလှသတည်း။

ဤသို့ နရပတိ စည်သူမင်းကြီး လက်ထက်တော်ဝယ်၊ ငွေယ်ရှင်၊ ပေါင်းလောင်ရှင်၊ ဈာန်ဝင်သုမေဓာ၊ အရိယာပုဂ္ဂိုလ်မြတ်တို့နှင့်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ ဘုရားသာသနာ၊ တိုင်းမြန်မာ၌၊ စည်ဖြာလွှန် ထွန်းပသတည်း။

ထိုနော်ရထာ၊ နရပတိစည်သူ၊ မင်းနှစ်ဆူတို့၊ ဇမ္ဗူကျော်ဟိုး၊ စိုးစဉ်ကြိုက်လည်း၊ တပိုက်ပတ်ရံ၊ မြန်နိုင်ငံ၌၊ ထုံးစံမကော၊ ယခုတိုင် ပြောလာက်အောင်၊ ဥပေါသထိကဘတ်၊ လုနတ်မြောက်ချီး၊ ဆွမ်းတော်ကြီးဟု၊ အသီးအခြား၊ မကြားမကြုံခဲ့ဘူးချေ။

ထိုနောက်၊ ဇေယျသိင်္ခမင်းကစ၍၊ ပုဏ္ဏဂါမ်၁၊ ပုဂံပြည်ထဲ၊ မင်းပွဲသာသနာ၊ အဝါမတိတ်၂၊ ထိတ်ခဲ့ပြီးသော်၊ ထီးနန်းခြားပိုင်း၊ မြင်စိုင်းတဖြာ၊ မက္ခရာတသွင်၊ ပင်လယ်စစ်ကိုင်း၊ သမိုင်းယခေါင်၊ ၄-ပြည်ထောင်တို့၌လည်း၊ ရိပ်ရောင်အမြွက်၊ မထွက်မပေါ်ခဲ့ဘူးချေ။

## အဝပြည်သာသနာ

၆။ ထိုနောက် ကာလ၊ ၇၁၆-ခု၊ လူသူ့ဝေါဟာ၊ နှစ်ဇကာဇာတွင်၊ အာဒိစ္စဝင်၊ နွယ်စင်နေမျိုး၊ တကောင်းစိုးသော၊ သတိုးမင်းဖျား၊ မင်းတရားသည်၊ နဂါးကေသရာ၊ ရတနာပြောင်ဖြူ၊ ရှစ်ဆူအရဟန်၊ သုပဏ္ဏငှက်၊ ခက်လက်ညွန့်ရှင်၊ လက်ပံပင်ဟု၊ အမြင်အိပ်မက်၊ နတ်ဆက်နိမိတ်၊ ဘိတ်နှင့်လျော်စွာ၊ သီဒါယှက်ဆုံ၊ သန်လျက်ခုံထက်၊ ရွှေဘုံပဝရ၊ တည်ထောင်စသော၃၊ အဝပြည်ကြီး၌၊ ထီးရိုးနန်းရိုး၊ သတိုး၇-ပါး၊ ခြားခဲ့လစ်၍၊ သက္ကရာဇ် ၇၉၁-ခုတွင်၊ ဇမ္ဗူ့သနင်း၊ မိုးညှင်း မင်းတရားသည်၊ ဆယ်ပါးရာဇဓိ၊ မြဲမြံစောင့်ဆောင်၊ ရွှေတောင်နန်းပွဲ၊ မြန်းဆဲအခါ၊ လက်ဝဲဒီပကျွန်းမှ၊ ရှင်သိရိသဒ္ဓမ္မာလင်္ကာရ၊ ရှင်သိရိသီဟဠမဟာသာ

---

မှတ်ချက်။ ၁-ပုဏ္ဏဂါမ်၊ ၂-အဝါမဆိတ်,အဝါမဘိတ်၊ ၃-တကောင်းစသော။

ခက်ဆစ်။ ၁။ အဝပြည်ကြီး၌၊ ထီးရိုးနန်းရိုး၊ သတိုး၇-ပါး= ၁-သတိုးမင်းဖျား၊ ၂-မင်းကြီးစွာစော်ကဲ၊ ၃-ဆင်ဖြူရှင် တရဖျား၊ ၄ ဘုရင်မင်းခေါင်၊ ၅-ဆင်ဖြူ့ရှင်သီဟသူ၊ ၆-မင်းလှငယ်၊ ၇-ကလေးကျေးတောင်ညိုဟူသော သတိုးမင်းမျိုး၇-ဆက်ကို ဆိုလိုသည်။

မိဟူသော ရဟန်းတော်နှစ်ပါးတို့သည်၊ ဘုရားရှင့် ဓာတ်၊ မွေတော်မြတ်ငါးဆူကို၊ ပင့်ယူခဲ့ကြ၍၊ အဝရွှေမြို့ တော်သို့ ရောက်လျှင်၊ ထိုရောက်သနေ့၊ ဤမြေအလုံး၊ ပတ်ကုံးစကြ ဝဠာ၊ဆင်ကုန်းခါသကဲ့သို့၊ သည်းစွာပွဲတင်၊ လျှောင်လှုပ်လေ ဘိသတည်း[၁]။

ထိုနိမိတ်ကို မြင်လျှင်၊ ရွှေနန်းရှင် မင်းတရားကြီး လည်း၊ ကြက်သီးစိမ့်ချမ်း၊အားရမ်းသဒ္ဒါ၊ကြည်ညိုစွာ သ ဖြင့်၊ "ငါ၏ဘုန်းပါရမီကြောင့်၊ သရီရဓာတ်တော်ကို၊ နတ် ဆော် ရွှေရည်၍၊ ငါ့ပြည်သို့ ကြွရောက်ပေလာသည်၊ သာ သန ဒါယကာ၊ ငါကောရာဇ၊ စင်စစ် မှန်လှပေတော့သည်၊ ငါ့ပြည်တိုင်းနက်၊ ငါ့လက်ထက်၌၊ ဓမ္မစက်သာသနာ၊ လွန် စွာပြန့်နှံ့၊ ထွန်းတော့အံ့တကား"ဟု၊ မင်းတရားကြီး ကိုယ် တိုင်တော်၊ အာဘော် အောင်ဟိတ်၊ နိမိတ် ဖတ်ဆိုတော် မူပြီးလျှင်၊ထိုဓာတ်တော်ငါးဆူကို၊စစ်ကိုင်းမြို့ကြီးအနောက် မျက်နှာ၊ သာယာသော မြေအပြင်တွင်၊ ဆင်များရှင်ဘုရား ဟု၊တည်ထားပြီးခါ၊ဌာပနာသွင်းနှံ၍၊ နိုင်ငံပြည်သူ၊နတ်လူ ကိုးကွယ်ကြရသည်။

၎င်းဓာတ်တော် ငါးဆူကို၊ ဆောင်ယူ ခဲ့သည့် ပုဂ္ဂိုလ်၊ သီဟိုဠ်ရောက်ကြီး၊ သီဟိုဠ်ရောက်ငယ်၊ အနွယ် သီလဝန်၊

---

မူကွဲ။ ၁–လျှောင် လှုပ်လေသည်။

ခက်ဆစ်။ ၁။ ဆင်များရှင် ဘုရား=၇၉၁–ခုနှစ်၌ တည်သည့်၊ တည်ဦးက ရတနာစေတီ တွင်သည်၊ နောက်မှ တံဘိုင်းပတ်လည် ဆင်များ ဝန်းရံ နေသည်ကို အစွဲပြု၍ဆင်များရှင်ဘုရားဟု ခေါ်ဝေါ် သမုတ် ကြလေသည်။

ထေရ်မွန်နှစ်ပါးတို့အားလည်း၊ ကြီးမားကျယ်ဝင်း၊ ပြတင်းခုနစ်ဆယ်၊ အံ့ဘွယ်စတေ၊ ကြက်သရေ သုံးတိုက် ရှိသော ဥမင်ရွှေကျောင်းကို၊ ကောင်းမွန်စွာဆောက်လှူ၍၊ ကြည်ဖြူလေးမြတ်၊ မပြတ်ကိုးကွယ်တော် မူသတည်း။

ထိုမိုးညှင်းမင်းတရား၊ မင်းခေါင်ဖျားသည်၊ ကိုယ်စားတော်မြတ်၊ မွေ့ခတ်ရတနာ၊ မဟာထေရ်ကျော်၊ ရှင်သူတော်တို့ကိုပူဇော်ချီးမလျက်၊ သာသနာ့ဒါယကာ၊ ခံစဉ်ခါ၌၊ သာသနာ တတန်၊ ပွင့်လင်းသည် မှန်သော်လည်း၊ နိဗ္ဗာန်မြို့တေ၊ ဆွတ်ခွေလက်နိုး၊ ဆွမ်းတော်ကြီး ကုသိုလ်ဟု၊ ထိုမင်းခေတ်လည်း၊ မဖြစ်ခဲ့ဘူး သည်သာတည်း။

ဤသို့လျှင်၊ သာကီဝင်မျိုး၊ သတိုးမင်းဖျား၊ မင်းတရားမှစ၍၊ လောကသတော့စေတီတော် ဒါယကာ၊ ဟံသာပတိရောက်မင်းတရားကြီးတိုင်၊ ရှစ်ဆိုင်ဖြန့်မိုး၊ မင်းရိုး သုံးဆယ့်နှစ်၊ သက္ကရာဇ် ၁၁၁၃-ခု ရောက်သည်တွင်၊ အောက်ရာမညတိုင်းက၊ တလိုင်းတို့ ဖျက်ဆီး၍၊ ပြည်ကြီး ရွှေဝကြွေမွပျက်ပြုန်း၊ ဆုံးသည်တိုင်အောင်၊ ယခေါင်ရှည်ကြာ၊ ရတနာပူရ၊ ရွှေဝတွန်းပေါ်၊ ဘုံသရော်၌၊ ဆွမ်းတော်ကြီးဝတ်၊ နိစ္စဘတ်ကို၊ ဋ္ဌပွတ်ထင်ရှား၊ သို့တကားဟု၊ မကြားမမြင်ခဲ့ရချေ။

အရေးရှုံးရသာသနာ

၇။ ထိုနောက်အခါ၊ ပေါက္ကာရေမ၊ ရိမဒ္ဒ၌၊ ဘောင်စကြာ့ရှင်၊ ကျွန်းခွင်ဇမ္ဗူ၊ လည်တော် မူသော်[၁]၊ စည်သူမင်းကောင်း၊ အလောင်းဗောဓိ၊ နေမျိုးနတ်မှ၊ မပြတ်

မှုကွဲ။ ၁–လည်တော်မူသော။

သန့်စင်၊ မဟာဝင်သကိယ၊ ကပိလဂိုဏ်း၊ နွယ်ခွဲတိုင်းဖြင့်၊ သမိုင်းညီလျော်၊ ဘဝဂ်ကျော်သော၊ ဘွားတော် အလောင်း မင်းတရားကြီးသည်၊ မီးသံဝဋ္ဋ၊ ကမ္ဘာ့အလား၊ ချောက်ချား ပူပန်၊ တလိုင်းရန်ကို၊ ဉာဏ်သမ္ဘာရှိန်၊ ဝရဇိန် လျှံပြောင်၊ လက်ရုံးရောင်ဖြင့်၊ ငြိမ်းအောင် ဖျန်းသွတ်၊ သတ်လတ် ငြီးသော်၊ပြည်ကြီးအောင်သာ၊ ရှာနာသိယ်၊ဌာနကုန်းဘောင်၊ နန်းသစ်ထောင်၍၊ ပေါင်ဇမ္ဗူဒိပ်၊ မဏ္ဍလိဂ်ကို၊ ဘုန်းရိပ် လွှမ်းတော်မူသတည်း။

ထိုကုန်းဘောင်တည်ရှင်၊အလောင်းမင်းမှ၊ သက်ဆင်း ပြန့်ပွါး၊အစဉ်အားဖြင့်၊သားတော်မြေးမြစ်၊ဧကရာဇ်နှင်နှင်၊ မဟာဝင်ပိဋိ၊ဤပိဝဋ္ဋာ၊ကမ္ဘာပတ်လုံး၊မဆုံးမချင်း၊ထီးမင်း မကွယ်၊ ကုန်းဘောင်နွယ်ဟု၊ ကြီးကျယ်ခိုင်ကြံ့၊ ထွန်းအံ့ နိမိတ်၊ ဖျာဒိတ်ဆတ်ဆတ်၊ သိုက်မာတ် မော်ကွန်း၊ ညွှန်း သည် အလျောက်၊ ခြောက်ဆက် မြောက်၍၊ တလျောက် သပြေ၊ ရန်မွှေနှိပ်နင်း၊ အလောင်း မင်း၏၊ သားရင်း တော်စစ်၊ လူ့သင်းကျစ်သည်၊ သက္ကရာဇ် ၁၁၄၄-ခု၌၊ စတုဂိရိ၊ ဘူမိပြုဌာန်း၊ မြေကြွင့်နှုံးဆက်၊ ထီးနန်း ပလ္လင်၊ ဥကင်ဥက္ကဌ၊ တည်းထောင်ကြ၍၊ အမရပူရ၊ ပြည်မ ဗိမာန်၊ ရာဇဌာန်ဟု၊ တဖန်အသစ်၊ နန်းမြစ်စိုက်တော် မူသတည်း။

---

ခက်ဆစ်။ ၁။ မီးသံဝဋ္ဋ=ပျက်ဆဲ သံဝဋ္ဋကပ်တွင် ကမ္ဘာ ပျက်အောင် လောင်သောမီး။

၂။ ပိဝဋ္ဋာ=ဖြစ်ပြီးတည်ဆဲ (ပိဝဋ္ဋဌာယီဟု ဆိုလိုလျက် ဌာယီကိုချေ၍ဆိုသည်။)

၃။ စတုဂိရိ=တောင်လေးလုံး။

ထိုအမရပူရ၊ ဌာနဗိမာန်၊ ရွှေဘုန်း ဖန်သော၊ နိဗ္ဗာန်ပစ္စယ၊ ဆဒ္ဒန္တရာဇာ၊ ကေလာငွေတောင်၊စွယ်ရောင်ခြောက်ပွင့်၊ ကြွားကြွားဝင့်သော၊ ဆင်မင့်သခင်၊ မ္ဘာတင် ဥပေါသထာ၊ရူစာဂိဝင်၊ သွင်သွင်မုန်ရူး၊ ရန်ညွန့်ခူးသော၊ အထူးထူး အပြားပြား၊ တပါးမကာ၊ ဆင်ဖြူမျာသခင်၊ ဘဝရှင် မင်းတရားကြီး၏ မြေးတော်၊ ရတနာပူရ၊ စတုဿနန်းစံ၊ အသန္တိန်ဇာတ်၊ နတ်သမုဖျား၊ မင်းတရားကြီး၏ ညီတော်ရင်းဆစ်၊ဖြစ်တော်မူသော၊ ဗုဒ္ဓကုံရ၊ပဝရသိရိ၊သမ္မောဓိလျာ၊ ဝဇီရာရန်ဖြိုး၊ဗာဟုဗိုလ်ဖြင့်၊ လိုလိုပြီးမြောက်၊ စိုက်ဆောက်တည်ထောင်၊ မုနောဆောင်သော၊ အမရပူရ၊ ဝိဇယရွှေဘုံ၊ မြေခံမကိုင်၊ ဘိုးတော်ရိုက်ကို၊ ရန်မိုက် ပယ်ဖျောက်၊ နှစ်ကြိမ်မြောက်ဖြင့်၊ စိုက်ဆောက်တည်ထောင်၊ မုနောဆောင်သော၊ မင်းခေါင်ပ(?)းဖျား၊ မင်းတရားသည်၊ သက္ကရာဇ်-၁၁၉၉-ခု၊ရတုနွေဦး၊တန့်ဘွားသာဘင်၊ ရှင်လုနီးတွင်၊ မြေကြီးမျက်နှာ၊ စတ္တာဝါတိုက်လုံး၊ ပတ်ကုံးလူနတ်၊ ရှိခိုးသည်တွတ်၍၊ အထွဋ်တိုင်တော်မူသတည်း။

ခက်ဆစ်။ ၁။ ခြာ(?)ပေါ် ဥပေါသထ = ဥပေါသထဆင် (ဆင် ၁၀-မျိုးတွင် အဒ္ဒန် ဆင်မျိုးအောက် ဥပေါသထဆင်မျိုးသည် အမြတ်ဆုံးဖြစ်သည်။)

၂။ ရတနာပူရ၊ စတုဿနန်းစံ= ဘကြီးတော် မင်းတရား(ဖလ်နန်းရှင် ဟူ၍၎င်း, စစ်ကိုင်းမင်း ဟူ၍၎င်း ခေါ်သည်။)

၃။ ဗုဒ္ဓကုံရ=ဘုရားအလောင်း။

၄။ ဘိုးတော်ရိုက်=ဘိုးတော် မင်းတရား၏ အရိုက်အရာ၊ ထီးနန်းစည်းစိမ်။

အထွဋ်ဥက္ကဋ္ဌ၊ တိုင်တိုလတ်သော်၊ ပြဿာဒ်ယာဉ်သာ၊ ဘောင်စကြာဖြင့်၊ ဥက္ကလာပ၊ ရာမညနယ်၊ ပင်လယ်ပတ်ဝန်း၊ အကျွန်းကျွန်းကို၊ ဘုန်းပန်းကြက်သရေ[1]၊ တန်းခိုးမွေ့လျက်၊ သပြေလှည့်တော်မူသတည်း။

ထိုသို့စဉ်တွင်၊ စိမ်းချဉ်ဝါသနာ၊ မိစ္ဆာပက္ခ၊ အိန္ဒိယတိုင်း၊ အလုံးပိန်ချုန်းညှိုးခြောက်၊ ထိပ်သွေးဖောက်၍၊ သောက်အံ့အသွင်၊ ထင်ဘိရကား၊ ထူးခြားမြတ်စွာ၊ ဆက်ပဏ္ဏာဖြင့်၊ သစ္စာခံယူရသတည်း။

ထိုကုန်းဘောင်ဝံသ၊ အဋ္ဌမနန်းရိုး၊ စိုးဦးအခါ၊ သာသနာတော် ၂၃၈၁-ခု၊ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ ခေတ်မင်္ဂလာ၊ မဟာသမယ၊ ကာလမွန်မြတ်၊ ရောက်လတ်တိုသော်တမူကား၊ ဗာဟိရသာသနာ၊ ကမ္ဘာ့သိန်းသောင်း၊ ကပ်ပေါင်းအဆင့်ဆင့်၊ ဘယ်မင့်အခိုက်၊ ပရိနိဗ္ဗခုနေ့၊ ပယ် ရသေ့ကာလ၊ အညဝါဒီ၊ လောကီအလို၊ ဂိုဏ်းပုဂ္ဂိုလ်မျက်၊ မဆိုထားဘိ၊ မိစ္ဆာသဝ၊ ပစ္စေကဗုဒ္ဓါ၊ လောကုတ္တရာအထွဋ်၊ အချုပ်မြတ်တို့၊ အရဟတ္တဓဇ၊ သာဝကတံခွန်၊ မိုးစွန်လွှားဝင့်၊ အသရေပွင့်သော်လည်း၊ ပွင့်ဆန်းမျှသာ၊ ဗိုလ်ရဟန္တာ၊ ထိုဆရာတို့၏၊ သာသနာခေတ္တ၊ ထိုကာလ၌၊ ဝိနယသိက္ခာပုဒ်ကို၊ အဟုတ်သိမြင်၍၊ အကြင်အကြင်၊ ထင်ရာထင်ရာ၊ ဝတ္တာနုရူပကံနှင့်အညီ၊ ဤကားအာပတ္တိဝါ[2]၊ ဤကားအနာပတ္တိဝါ၊ သိက္ခာပဒပညာပန၊ ဝိနယဓမ္မကံသည်၊ တရံတချက်၊ ဘယ်လက်ထက်မျှ၊ သက်သက်မပေါ်ဘူးပလေ။

---

မူကွဲ။ ၁—ဘုန်းတန်းကြက်သရေ။ ၂—ဤကား-အာပတ္တိဝါရ၊ ဤကား-အနာပတ္တိဝါရ၊

ခက်ဆစ်။ ၁။ ပရိနိဗ္ဗခုနေ့=ပရိနိဗ္ဗရဟန်းရသေ့ရဟန်း။

## ပဥ္စမဆွမ်းတော်ကြီးကုသိုလ်

၈။ လေးသင်္ချေ၊ဆယ့်ခြောက်သင်္ချေ၊ တွက်ရေကပ်ညီ၊ တသိန်းစီဖြင့်၊ ပါရမီလွန်ကျူး၊ သူ့ထက်ထူး၍၊ ဆည်းပူးမှသာ၊ ပိုင်သရာသော၊ အနာဝရဏ၊သဗ္ဗညုတ၊ အတုလရွှေ ဉာဏ်ရှင်၊သုံးခွင်ထွဋ်ထား၊ဘုရားစင်စစ်၊ဖြစ်ခါ၌သာ၊သိက္ခာပဒပညာပန်၊ဝိနယတရား၊ ထင်ရှားပေါ်ထွန်း၍၊ သုံးခန်းဘုံသူ၊နတ်နှင့်လူတို့၊နိဗ္ဗူထုတ်ချောက်၊ ပေါက်ကြကုန်သကဲ့သို့၊ ထို့အတူ၊ မူလအာဒိ၊ သိရိခေတ္တရာ၊ပုဂံ-မြင်စိုင်း၊စစ်ကိုင်းပန်းယ၊အဝ-ကုန်းဘောင်၊ ပြည်ထောင်အသီးသီး၊ ထီးမင်းအဆက်ဆက်၊ ကွယ်ဝှက်ထိမ်မြှုး၊ မပေါ်ဘူးမဖြစ်တောင်း၊ နှတ်ကြောင်းခရီး၊ ဆွမ်းတော်ကြီး ကုသိုလ်သည်၊ အဟိုရေးစပ်၊ ကမ္ဘာကပ်က၊ သဗ္ဗညုဘုရားတို့ထံ၊ ခံအပ်သော ဗျာဒိတ်မင်္ဂလာ၊ သမ္ဘာရင်းနှီး၊ ကြီးတော်မူလှသော၊ကုန်းဘောင် သမယ၊ ခတ္တိယဂိုဏ်းပေါက်၊ ရှစ်ဆက်မြောက်ဖြစ်တော် မူသော၊ မင်းတရားကြီး ရွှေလက်ထက် တော်၌သာ၊ မင်းဆက်တကာ၊မရာမထိုက်၊ မကြိုက်စဘူး၊ရွှေဘုန်းတော် ထူးသောကြောင့်၊ ကျေးဇူးခိုင်ဖြိုး၊ ဆွမ်းတော်ကြီး ကုသိုလ်ဟူ၊ အလိုလိုဖြစ်ပေါ်၍၊ နေပြည်တော်ပတ်ရံ၊နိုင်ငံတော် ဝန်းကျင်၊ လူရှင်သတ္တဝါ၊ သည်တခါတွင်မှ၊ မင်္ဂလာဘခု၊ ဆွမ်းတော်ကြီးဝတ္တုကို၊ ဂရုကတ၊ မြင်ဘူးရပေသည်၊ အစ္ဆေရိယတ၊ အဒိဋ္ဌပုဗ္ဗာ၊ ဒိဋ္ဌာမသေး၊ ကောင်းချီးပေး၍၊ ဟစ်ကြွေးသော သြဘာသံသည်၊ မိုးယံအထက်၊ ဘဝဂ်ထိဆိုက်၊ တိုက်လေကာဓာတ်၊ ပွဲတင်ခတ်မျှ၊ ဆတ်ဆတ်ဖိမ့်ဖိမ့် တုန်သတည်း။

---

ခက်ဆစ်။ ၁။ အဒိဋ္ဌပုဗ္ဗာ=ရှေးအခါက မမြင်မတွေ့စဘူး။

ဤသို့လျှင်၊ ဒီဃမဒ္ဒါန်[၁]၊ ရှေးလက်မွန်၌၊ တဖန်တဆစ်၊ မဖြစ်ဘူးဘဲ၊ လွန်ကဲကျူးကျော်၊ ခုမှပေါ်သော၊ ဆွမ်းတော်ကြီးဝတ္ထု၊ ဤအမှုကို၊ ပြုစုပျိုးထောင်၊ ဖြစ်မြောက်အောင် ကြိုးကုတ်၍၊ အားထုတ်ရင်းပုဂ္ဂိုလ်ကား၊ "ဦးစို" ဟူသော ငယ်မည်ဖြင့်၊ ရွှေပြည်တော် လေးရပ်၌၊ နှံ့စပ်ကျော်စောလှသတည်း။

ဦးစိုဟူသည်၊ ရှင်လူကြည်ညို၊ ဤပုဂ္ဂိုလ်ကား၊ အဘိုကမ္ဘာ၊ သံသရာက၊ ပညာရှိသူတော်မြတ်၊ ပေါဓိသတ်တို့ အထံ၌၊ ထုံးစံနည်းယူ၊ အဘူပေါင်းဖော်သျှက်၊ သူတော်တို့ အလေ့အလာကို၊ ဝါသနာထွတ်နှုန်း၊ ထုံ့ဘူးသည်အတိုင်း၊ မျက်မှောက်ခန္ဓာ၊ ယခုခါ၌လည်း—

သဒ္ဓါဓနံ သီလဓနံ၊
ဟိရိဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊
ပညာ ဝေ သတ္တမံ ဓနံ။

ယဿ ဧတေ ဓနာ အတ္ထိ၊
ဣတ္ထိယာ ပုရိသဿ ဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊
အမောဃာ တဿ ဇီဝိကာ။ ။

ဟု-လာသည်နှင့် လျော်စွာ၊ ရတနာခုနစ်ပါး၊ တရားလက်ရှိ၊ သုဇီဝိ ကျေးဇူးနှင့်[၂]၊ အထူးပြည့်စုံသည်။

---

မူကွဲ။ ၁-ဒီဃမန္တာန်။ ၂-သုဇီဝကျေးဇူးနှင့်။

**ခက်ဆစ်။** ၁။ သုဇီဝိ=ကောင်းသော အသက်မွေးခြင်း။

လူ့ဘုံဘဝ၊ ဤလောကဥ္၊ နောင်တတဖန်၊ အရွယ်လွန်မှ၊ ပူပန်ကြီးစွာ၊ စိုးရိမ်ရာသော၊ ပစ္ဆာနုတပ္ပန်၊ နောင်တတရား၊ အမှားဆယ်ချက်၊ ကျေးဇူးပျက်လည်း၊ သက်သက်ကိုယ်မှ ကင်းကွာသည်။

ရတနာသုံးပါး ညွတ်တွားဂရု၊ အလေးပြုလျက်၊ ဥပါသကအဖြစ်ကိုလည်း၊ စင်စစ်ဂုန်ခံသည်။

"ပဥ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသက ရတနဥ္စ ဟောတိ"အစရှိသည်ဖြင့်ဟောတော်မူအပ်သော ဥပါသက လက္ခဏာ၊ အင်္ဂါငါးဖြာနှင့်လည်း ညီညာပြည့်စုံသည်။

"ပဉ္စိမာ ဘိက္ခဝေ ဝါဏိဇာ ဥပါသကေန အကရဏီယာ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော၊ ဥပါသကမတရား၊ ဒွန်းစဏ္ဍာလားတို့၏၊ မှားသော အသက်မွေးခြင်း မှ ရှောင်ကြဉ်၍၊ ယဉ်ကျေးဘွယ်ရာ၊ စင်ကြယ် စွာသော၊ သမ္မာအာဇီဝနှင့်လည်း ပြည့်စုံသည်။

---

ခက်ဆစ်။ ၁။ ဥပါသကလက္ခဏာ၊ အင်္ဂါငါးဖြာ=၁-သဒ္ဓါတရားရှိခြင်း, ၂-အကျင့်သီလရှိခြင်း, ၃-ကောတူဟလမင်္ဂလာကို မယုံကြည် ကံကိုသာ ယုံကြည်ခြင်း, ၄-သာသနာတွင်း၌သာ အလှူခံမြတ်ရှိသည်ဟု ယုံကြည်ခြင်း, ၅-ဤသာသနာတော်ကို ချီးပင့်ခြင်း။

၂။ မှားသော အသက်မွေးခြင်း=လက်နက်,သတ္တဝါ, သား,ငါး,အဆိပ်-ဤငါးပါးကို အရောင်းအဝယ်ပြု၍ အသက်မွေးခြင်း။

ဤသို့ သူတော်ကောင်း လက္ခဏာ၊ အင်္ဂါမယွင်း၊ အတွင်းအပ၊ ညီညွတ်လှသော၊ သန္တပုဂ္ဂိုလ်၊ ဦးစိုမည်တွင်၊ သူတော်စင်သည်၊ အင်္ဂ-မဂဓ၊ တိုင်းချက်မ၌၊ မစလရွာသား၊ ဘုရားလောင်း မာဃလုလင်သည်၊ ရွာတွင်ရွာသား၊ လူအများကို၊ တရားပြသ၊ ဆိုးမနွားသွင်း၊ သင်းပင်းရုံးစုလျက်၊ ဆယ်ခုသော ကုသိုလ်ကမ္မပထကို၊ လုံ့လရွက်ဆောင်၍၊ မိုးခေါင်ထက်ဖျား၊ သိကြားဖြစ်ဘူးသောအတိတ်ဝတ္ထု၊ ယခုပစ္စုပ္ပန်၊ သဏ္ဍာန်တော်ထင်ရှား၊ ဘုရားရှိစဉ်၊ သာဝတ္ထိပုရ၊ ပြည်ရွာနဝယ်၊ ဓမ္မိက အမည်ရှိသော သီတင်းသည် တယောက်နှိုက်၊ သွေးသောက်အကြည်၊ သီတင်းသည် ဥပါသကာ[1]ငါးရာအရံရှိသတည်း။

ထိုသွေးသောက်တို့တွင်၊ တယောက်တယောက်နှိုက်၊ ဂိုဏ်းထောက်လက်သား ငါးရာစီနှင့်နှင့်၊ ဝန်းကျင်ရံပတ်၊ ပရိသတ် အကိန်း၊ နှစ်သိန်း ငါးသောင်း၊ သီတင်းသည် အပေါင်းတို့၏ ဥက္ကောင်းဦးစီး၊ အကြီးအချုပ်ဖြစ်သတည်း။

ထိုသီတင်းဦး၊ အမှူးပါမောက္ခ၊ ဓမ္မိက သူတော်သည်၊ အဘော်သဟည်း၊ ပေါင်းစည်းစုဝေး၊ ဖြည်းဖြည်းညှင်းညှင်းနွားသွင်းဟောပြော၍၊ ဥပါသထိက၊ သလာကပက္ခိ၊ အစရှိသော၊ နိဗဒ္ဓဝတ် တို့ကို၊ မချွတ်ကြည်ဖြူ၊ ပေးလှူ

မှုကွဲ။ ၁—ဥပါသကာသည်။

ခက်ဆစ်။ ၁။ သန္တ=သူတော်ကောင်း။
၂။ သလာက=စားရန်းတံမဲအလှူ။
၃။ ပက္ခိ-ပက္ခိက= လဆန်းပက္ခ,လဆုတ်ပက္ခအလှူ။
၄။ နိဗဒ္ဓဝတ်=အမြဲပြုအပ်သောဝတ်။

သည့် ကုသိုလ်ကံ စေတနာကြောင့်၊ သခေါ်နိုးကာလနှိုက်၊ ဆကာမာဝစရ၊ ဒေဝဗိမာန်၊ ဘုံခြောက်တန်မှ၊ ဝေဇယန်ရထား၊ယာဉ်ခြောက်ပါးတို့သည်၊ ပျံလွှားဆိုက်ရောက်လာ၍၊ ငါတင်လို-သူတင်လို၊ လုဆိုစဉ်အခါ။ တုသိတာ ယာဉ်ပျံတွင်၊စံလိုသည်နှလုံးဖြင့်၊ ပန်းကုံးမှတ်သား၍၊ နတ်ရထားစီးကာ၊ တုသိတာနတ်ပြည်သို့ ရောက်လေသောထုံးပုံ၊ ဤသက်သေ အလုံးစုံကို၊ အာရုံ အာရုမ္မဏိကာ၊ သဘောကျသောကြောင့်၊ ၁၁၉၉-ခု၊ ကဆုန် လဆန်း ၁၅-ရက်နေ့၊ သုနက္ခတ္တ၊သုမင်္ဂလာ၊ မြတ်လှသောအခါတွင်၊ သမ္မာသက်ပ်၊ ကိုယ်ကြပ်ဆက်ဆံ၊ လှလှကြံမိ၍၊ ကံဆောင်ရွက်ဘော်၊ သူတော်သူကောင်း၊အပေါင်းအသင်းကိုရှာဖွေလျှင်၊ မစွေရပိုလ်ချုပ်၊ ကွပ်ကဲအုပ်သော၊ စိတ္တုပ္ပါဒ်အကုသလ၊ ယမမင်းရဲမက်တို့ကို၊[1] အသက်ဦးလည်း၊ မဖည်မသုန်၊[2] ကဟုန်တည်းချင်း၊ နှိပ်နင်းထိုးသတ်၊ ဟိုက်ဖြတ်နိုင်သော သဒ္ဓါပညာ၊လွှား-ကာ-လေး-လှံ၊ နိယံကိုင်စွဲ၊ စစ်ခြေမြဲလှသော၊ သူရဲကြီး ငါးကျိပ်ကျော်တို့ကို၊ ရဲဘော်ဖွဲ့စည်း၍၊ တသန်တည်းစုရုံးမိသတည်း။

သို့ ငါးကျိပ်ကျော်၊ သူရဲဘော်တို့ကို၊ ရွှေမြို့တော်ဝန်းကျင်၊လေးပြင်လေးရပ်၊ နှံ့စပ်မလွတ်၊ စစ်လျှင်လွှတ်၍၊

---

မူကွဲ။ ၁-ယမမင်းရဲမက်တုကို၊

ခက်ဆစ်။ ၁။ ဆကာမာဝစရ= နတ်ပြည်ခြောက်ထပ် (စတုမဟာရာဇ်,တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ,ပရနိမ္မိတဝသဝတ္တီ)။

၂။ အသက်ဦးလည်၊မဖည်မသုန်=အသက်သေသေ နောက်မဆုတ်ဘဲ။

ညွတ်ပြီးသော သတ္တဝါတို့က၊ သဒ္ဓါတရား၊ပွါးထက် ပွါးအောင်၊ မညွတ်တွားသောသူ၊ ယမမင်းလူတို့ကို၊ ကြည်ဖြူရွှင်လန်းအောင်၊ ဘုံခန်းနှင့်ဆွဲတန်ဆွဲ၊ ငရဲခန်းနှင့် ချောက်တန်ချောက်၊ မြှောက်တန်မြှောက်၊နှိပ်တန်နှိပ်၊ လူရိုပ်ချင့်၍၊ အလိုက်သင့် လုပ်ကြံစေရာတွင်၊ ဥာဏသမန္တစက္ခုရ၊ လောကစစ်မက်၊ဖြုန်းဖြုန်းပျက်၍၊လက်ရယူသိမ်း၊ ငြိမ်းငြိမ်းအောင်မြင်လျှင်၊ အင်္ဂါ:ပါး၊ တရားအမြှုက်၊သစ္စာရေ တိုက်ပြီးမှ၊ ထိုက်ရာ ထိုက်ရာ၊ ဆက်သလာသော၊ ပဏ္ဏာ လက်ဆောင်၊မြားမြောင်ပရိဘောဂ၊ ဒါတဗ္ဗဝတ္ထု၊ အစုစုအခန်းခန်းကို၊ရွှေနန်းတော် ဝေဇယန်မှ၊ သေနံခန်းဝါ၊ရွှေကွန်ချာဘုရားရှင်၊ယင်ပြင်တော်မြတ်၊ ပြာသာဒ်အတွင်း၊ ခင်းကျင်းစီဖြန့်၊ ကောင်းစွာသန့်၍၊ နိဗ္ဗာန့်အဘို့၊ ကူးတို့သည်ကြီး၊ မထိီး အရိယာ၊ သဃာတော် တကျိပ်တို့အား၊ အထိပ်အထွဋ်၊ ဘုရားမြတ်ကို၊ တမွတ်ကေတု၊ အမှူးပြု၍၊ ဥပေါသထိကဘတ်၊မချွတ် မယွင်း၊ သီတင်းတိုင်း အမှန်၊ ရက်မကျန်အောင်၊နိဗ္ဗာန်ရည်မှန်း၊ လှူဒါန်းကုသိုလ်ပြုသတည်း။

ဤသို့လျှင်၊ ဤဆွမ်းတော်ကြီး ကုသိုလ်ကို၊ ဦးစိုဟူသော အမျိုးကောင်းသား၊ တရားယုံကြည်၊ ခေါင်းတည်ဆော်နိုး၊ ရှေးရိုး ဥပဒေသာ၊ နေရာချသောကြောင့်၊ ပဌမအာဒိကမ္မိက၊အစဦးစွန်း၊ ဖြစ်ထွန်းထင်ရှားပေသတည်း။

---

မှတ်ချက်။ ၁—မညွတ်သေးသောသူ။

ခက်ဆစ်။ ၁။ ဥာဏသမန္တစက္ခုရ=မနာလိုဝန်တိုခြင်း။

၂။ ဒါတဗ္ဗဝတ္ထု=လှူဘွယ်ဝတ္ထု။

၃။ သေနံ=အရွှေမြောက်ထောင့်အရပ်။

## ဒုတိယဆွမ်းတော်ကြီးကုသိုလ်

၉။ ထို ဆွမ်းတော်ကြီးသည်၊ ထီးနှစ်ဆက်မြောက်၊ မပျောက်မတိမ်၊ငြိမ်ခဲ့လစ်မှ၊ သက္ကရာဇ် ၁၂၁၄-ခု၊ ဖဂ္ဂုဏပုဏ္ဏမာ၊ရောက်လတ်ခါသော်၊ ရတနာသိယ်၊ ပဌမရိပ်ငြိမ်၊ နန်းရွှေအိမ်မှ၊ဆယ်ကြိမ်မြောက်ဖြစ်တော်မူသော၊အာဒိစ္စဗန်၊ရင့်သန်ယမ္ဘာ၊ အာဟာစာရတ်၊ ရာဇဂုဏ်အစုဖြင့်၊မြေထုရေထု၊မေရုနှိုင်းချင့်၊ မခိုင်းသင့်သော၊ မင်းမင့်ထွဋ်ဖျား၊ စောတရားသည်၊ လေးပါးကျွန်းသူ၊ ရှင်လူသတ္တဝါ။ ကာမရူပီ၊ လောကီဇန္တု၊ ဗိုလ်အထုဘိုက၊ ယခုအခါ၊ သမ္ဘာဘုန်းရှိန်၊ ပွင့်ချိန်ရာသီ၊ တန့်ပြီဘုရားဟု၊ မြက်ကြွားချီးမြှောက်၊ ပင့်ပျောက်နိုးဆော်၊ ဒေါ်တို့ရကား၊ ဘုရားသဗ္ဗညုပွင့်ဆုတောင်းမှတ်၊ ဗောဓိသတ်ကိုသည်၊လောကတ္ထစရိယကို၊ ဖြည့်ကျင့်ပြီဖြစ်၍၊ ပဗ္ဗက္ခသံသရာ၊ နှစ်ဖြာဒုက္ခ၊ရောက်ကုန်ကြသော၊ ဝေနေယျအများကို၊သနားပိုက်သိမ်း၊ငြိမ်းစေခြင်းငှါ၊ မဟာအမရပူရအောင်ခန်း၊ မြေကြငှန်းထက်၊ရွှေနန်းစိုက်တော်မူသတည်း၊

လေးကျွန်း ဦးကိုင်၊ မြည်မန့်တိုင်ကို၊ ပိုင်တုံပြီးသော်၊ ရှေးတီးကာလ၊ ခမည်းတော်ဘုရား၊ နောင်တော်မင်းတရားနှစ်ပါး၊ တိုင်းကားဇမ္ဗူ၊ ယူစဉ်အခါ၊ မင်္ဂလာရွှေအိမ်၊စည်းစိမ်နတ်ထံ၊ စံဆဲဆဲဘွင်၊ ဖြစ်ခဲ့ရွာသော ဤဆွမ်း

---

မှတ်။ ၁—ခေါ်ကုန်ရကား၊

ခက်ဆစ်။ ၁။ ဖဂ္ဂုဏပုဏ္ဏမာ=တပေါင်းလပြည့်။

၂။ ဗောဓိသတ်=ဘုရားလောင်း။

၃။ လောကတ္ထစရိယ= သတ္တလောက၏ အကျိုးငှါကျင့်တော်မူသောအကျင့်။

တော်ကြီးဝတ္တုကို၊ ယခုပြကား၊ ရှိနှင့်စေကာ၊ ငါတည်းအထွင့်၊တိုင်တိုလတ်မူ၊ ထူးမြတ်ကြီးကျယ်စွာ၊ ပူဇာမာန၊ သက္ကာရအဒေပါင်းဖြင့်၊ထပ်လောင်းချီးပင့်၍၊အတင့်အတယ်၊ အံ့ဘွယ်ဝိသေသ၊ သာသနစီးပွါး ဖြစ်ပဒိမ့်မည်၊ ရှုယ်ရည်အဓိဋ္ဌာန်၊ သန်ခဲ့ဘူးသော ရွှေနှလုံးတော်သွင်း၊ အရင်းရှိသည်နှင့်အညီ၊ ဇမ္ဗူဒိဘောင်၊ ဥဒေသျာင်မကုဋ၊ အမရ မြေချက်၊ ဘုမိနက်ကို၊ ရွှေစက် ဝင်းဝင်း၊ နှင်းတော် မူမိချင်၊ သတိဓမ္မဝိစယသံဗောဇ္ဈင်၊သိထင်-မြင်မြော်၍၊ ဆွမ်းတော်ကြီးသား၊ ငါးကိုပ်ကျော်သီကင်းသည်တို့ကို၊ ခေါင်းတည်ဦးစီး၊ ဆရာကြီးဦးစိုနှင့်တကွ၊ စွေ့ငှလောက်လုံအောင်၊ ကောဋ္ဌမ္ဘရ၊ ဓေါမတိုင်းမြစ်၊ ဦးရစ်မှုန်နီး၊ ပုဆိုးဖျင်လက်၊ တဘက်စုလျား၊ စပါးသနှံရေ၊ ရွှေငွေပေးကမ်း၊ ဖုံးလွှမ်းသနားတော်မူသတည်း။

ဆွမ်းတော်ကြီး၏ အသုံးအဆောင်၊ ဒေါင်းပေါင်ကျပ်ကြုတ်၊ ကလပ်အုပ်တို့ကိုလည်း၊ မယုတ်မနွမ်းစေရ၊ နိက္ခရွှေသား၊မျက်ပါးပိန်းမံ၊ ဖလိခံမှန်စီ၊ အချောက်နီ ပတ္တမြား၊ အဖျားစိန်ထွင့်၊ နဝရတ်ကိုးသွယ်၊ ချယ်လှယ် ယှက်သန်း၍၊ အဆင်းအပြားပြုစေသည်။

---

မှုကွဲ။ ၁–သာသနစီးပွါး၊များပစိမ့်မည်။ ၂–စေ့ငှလောက်လုံအောင်၊

ခက်ဆစ်။ ၁။ ဦးရစ်မှုန်နီး=နွန်မြတ်သော ဦးရစ်ခေါင်းပေါင်း။

၂။ ဒေါင်းပေါင်=အခြေ ၃–ချောင်း, ၄–ချောင်းရှိသော ယွန်းထမင်းစားပွဲခုံမြင့် (ဒေါင်းငှက်၏ပေါင်သဏ္ဍာန် အခြေပြုလုပ်ထားသည်ကို စွဲ၍ ဒေါင်းပေါင်ခေါ်သည်။

အုပ်ခက်တန်းဆာ၊ ကွန်ချာတမုတ်ကြို[1]၊ ထမ်းပိုးမကျန်၊ ဆောင်ရွက်ရန်တို့ကိုလည်း၊ ကောင်းမွန် ထွင့်မြတ်၊ သက္ကလတ် ဖဲဇာ၊ ကတ္တီပါအိတ်၊ အမြိတ်ဖားဖား၊ ပန်းပွါးကန်တော့၊ ငွေဖေါ့ရွှဲလုံး၊ ရစ်ကုံးဖွဲ့ချည်၊ သိုင်းရွှေတည်၍၊ လှည့်လည်နှိုးဆော်စေရသည်[1]။

ယင်းသို့ ဘ၀ရှင် မင်းတရား၊ ရှေးဖျား လက်ဦး၊ အထူးသဖြင့်၊ ချီးမြှင့်တော်မူရာတွင်၊ နန်းညာပလ္လင်[2]၊ ကမ္ဗုရှင်နှင့်တကွ၊ ဘ၀ဦးကိုင်၊ ပိုင်အံ့ပြကာတွေ့၊ မှန်မရွှေသော၊ အိမ်ရှေ့ဘုရား၊ မင်းသားမင်းညီ၊ သာကီနွယ်ရိုး၊ မင်းမျိုးမင်းဆွေ၊ သေနာပတိ၊ ရာဇိမှူးမတ်၊ ပရိသတ်မင်းပေါင်း၊ သောင်းသောင်းပြောထူ၊ ရွှေပြည်သူတို့လည်း၊ ကြည်ဖြူရွှင်ပျ၊ သဒ္ဒါကြ၍၊ ယထာသတ္တိ[2]၊ အားရှိအလျောက်၊ ဖြိုးဖြိုးမောက်မျှ၊ ချီးမြှောက်ပူဇော်ကြသတည်း။

သံပိုင်း

၁၀။ မင်္ဂလာ မှောင်နှည်၊ ပြောင်ပြောင် လည်သား၊ ရောင်ခြည် မြရိပ်၊ ဇမ္ဗူဒိပ်ထက်၊ ပြည်နိဗ္ဗူကျွန်း၊ စံတဲနန်းဟု၊ မြန်ခန်းအပရန်၊ တိုင်းနက်သန်ဂယ်၊ ဘူမန်တိုင်စစ်နွယ်နေမြစ်သည်၊ ရွှေခေတ္တရာ၊ ပြည်ပုဂံနှင့်၊ နန်းစံသမ္မတ၊ ဘ၀

ပုံကွဲ။ ၁—လှည့်လည်နှိုးဆော်စေရသတည်း၊ ၂—သဘာ၀ သတ္တိ။

ခက်ဆစ်။ ၁။ ကွန်ချာတမုတ်ကြီး = ဆွမ်းအုပ် သည် တို့ကို ထမ်းဆောင်သည်ပိုးရာဆိုင်းကြီး။

၂။ နန်းညာပလ္လင်၊ ကမ္ဗုရှင်=ရာဇပလ္လင်၏လက်ျာနန်းမ၌ စံရသော ကမ္ဗုထီးကိုလည်း ဆောင်းရသော မိဖုရားခေါင်ကြီး။

ကုန်းဘောင်၊ ရှည်ယခေါင်တိ၊ ပြည်ထောင်မြန်းခိုက်[၁]၊ခေတ်
ပန်းသိုက်ဖြင့်၊ ဖြန်းရိုက်တီးလှိမ့်[၂]၊ စည်ကြီး ငြိမ့်လျက်၊ ငြိမ့်
ငြိမ့်သဘင်၊ နန်းပွဲရင်သည်၊ ဥကင်စိုးပြား၊ သတိုးဖျားတို့၊
ကိုးပါးနဝရတ်၊ ကျေးဇူးအဌ်နှင့်၊ ဆယ်မြွတ်ရာဇဓိ၊ တရား
စံသော်၊ တရံပွဲကောင်း၊ မကြိုတောင်းသား၊ နတ်ကြောင်း
ခရီး၊ ဆွမ်းတော်ကြီးလျှင်၊ရန်မီးချွေပြန်း၊စက်နေနှုန်းသည်၊
ရွှေကုန်း ဘောင်ရိုး၊ ရှစ်ဆက်စိုးမှ၊ ဘုန်းကျိုး ကုလစ်၊ မရှု
ရာဇ်တို့၊ မူသစ်တစောင်၊ ဖြစ်လေအောင်ဟု၊ ပင့်ဆောင်နှိုး
ဆော်၊ လက်ထက်တော်၌၊ ထွန်းပေါ်မင်္ဂလာ၊ မြင်ရပါရှင့်၊
ရတနာပြောင်၊ သာခ္ခါ တောင်သို့၊ ဖြာရောင် ခြောက်ပွင့်၊
မောက်မောက် စွင့်သည်၊ ပေါက်မင့်သခင်၊ ဗောဓ္ဓျင်ဂက္က
ရာတ်၊ ပြာသာဒ်ယာဉ်ကြီး၊စံလုနီးသည်၊စောယီးဒသမ၊ ဘု
ပါလကား၊ မမျှနိုင်းရာ၊ မင်းတကာထက်၊ သဒ္ဒါထက်သန်၊
ဗောဓိဉာဏ်ဖြင့်၊ နိဗ္ဗာန်ချူးဘွတ်၊ ဆွမ်းတော်ဝတ်ကို၊ မြတ်
မြတ်လေးလေးကောင်းချီးပေး၍၊ ကံကျေးမနည်း၊ အပည်း
ပည်းလျှင်၊ ပစ္စည်းထောက်ပင့်၊ ချီးမြှောက်မြှင့်၏၊တို့ရှင့်ဘုန်း
ရောင်၊ရှန်းရှန်းလောင်မျှ၊ကုန်းဘောင်သာကီ ဂုဏ်ရာသီကို၊
ဌာယီဝိဝင်[၂]၊ကပ်သုံးညွှတ်လည်း၊ ရေရွှတ်ချီးဌါ၊မပြီးရာလိမ့်၊
သမ္ဘာနိသင်၊ ဤရှိစဉ်ဟု၊ ရွှေမင်ဇဝါ၊ ခရာပြောင်ရှန်း၊
နန်းစဉ်ညွှန်းသည်။ ။မော်ကွန်းရွှေစာသံပိုင်းတည်း။

ဆွမ်းတော်ကြီးစာဟာမ်းပြီး၏။

---

မှတ်ချက်။ ၁—ပြည်ထောင်မြန်းခိုက်၊ ၂—ဖြန်းရိုက်တီးလှိမ့်။

ခက်ဆစ်။ ၁။ အပည်းပည်း=အများအပြား။

၂။ ဌာယီဝိ[illegible]ကမ္ဘာ ကည
သည်မှ [illegible])

[illegible] ၆ ဆ

THE HANTHAWADDY PRESS